ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရန်ကုန်တိုင်းဒေသကြီးအစိုးရ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်
# ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ
# နည်းဥပဒေများ

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း (၁ ) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂ ) | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ ခန့်အပ်တာဝန်ပေးခြင်းနှင့် အရည်အချင်းများ | ၄ |
| ၃။ | အခန်း (၃ ) | ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၅ |
| ၄။ | အခန်း (၄ ) | မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊ ကြေညာခြင်း | ၈ |
| ၅။ | အခန်း (၅ ) | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ | ၈ |
| ၆။ | အခန်း (၆ ) | မဲစာရင်းများပြုစုခြင်း | ၉ |
| ၇။ | အခန်း (၇ ) | ရွေးကောက်ပွဲဆိုင်ရာကြေညာချက်များထုတ်ပြန်ခြင်း | ၁၃ |
| ၈။ | အခန်း (၈ ) | ကိုယ်စားလှယ်လောင်း၏အရည်အချင်းများ | ၁၃ |
| ၉။ | အခန်း (၉ ) | ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိခြင်း | ၁၄ |
| ၁၀။ | အခန်း (၁၀) | ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း | ၁၆ |
| ၁၁။ | အခန်း (၁၁) | ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းခြင်း | ၁၇ |
| ၁၂။ | အခန်း (၁၂) | ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်းကိုစိစစ်ခြင်း၊ ကိုယ်စားလှယ်အဖြစ် အတည်ပြုခြင်း | ၁၈ |
| ၁၃။ | အခန်း (၁၃) | ကြိုတင်ဆန္ဒမဲပေးခြင်း | ၁၉ |
| ၁၄။ | အခန်း (၁၄) | ရွေးကောက်ပွဲကျင်းပခြင်း | ၂၂ |
| ၁၅။ | အခန်း (၁၅) | ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးကောက်တင်မြှောက်ခြင်းနှင့် ရွေးကောက်ပွဲအနိုင်အရှုံးကြေညာခြင်း | ၂၃ |

| | | | |
|---|---|---|---|
| ၁၆။ | အခန်း (၁၆) | ရွေးကောက်ပွဲကုန်ကျစရိတ်များ | ၃၆ |
| ၁၇။ | အခန်း (၁၇) | တရားမဲ့ပြုကျင့်မှုများ | ၄၀ |
| ၁၈။ | အခန်း (၁၈) | ရွေးကောက်တင်မြှောက်ခံရခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာများကို တင်သွင်းခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း | ၄၁ |
| ၁၉။ | အခန်း (၁၉) | ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့်ပြစ်ဒဏ်များ | ၄၆ |
| ၂၀။ | အခန်း (၂၀) | အထွေထွေ | ၄၈ |

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ

**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အမိန့်ကြော်ငြာစာအမှတ်၊ ၇၅ / ၂၀၁၈**
**၁၃၈၀ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်**
**(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၃၃၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူ ညီချက်ဖြင့်အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ဆိုသည်။

(ခ) **မြို့တော်နယ်နိမိတ်** ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်ကို ဆိုသည်။

(ဂ) **ကော်မတီအဆင့်ဆင့်** ဆိုသည်မှာ ကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ တို့ကို ဆိုသည်။

(ဃ) **ခန့်အပ် ကော်မတီဝင်** ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် အဖြစ် အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးသူကို ဆိုသည်။

(င) **ရွေးကောက်တင်မြှောက်ခြင်းခံရသည့်ကော်မတီဝင်** ဆိုသည်မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေအရ မြို့တော်နယ်နိမိတ်အတွင်းရှိ သတ်မှတ်မဲဆန္ဒနယ် (၆)နယ်မှ တစ်နယ်လျှင် ကော်မတီဝင် တစ်ဦးနှုန်းဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ကော်မတီဝင် (၆) ဦး ကို ဆိုသည်။

(စ ) **ရွေးကောက်ပွဲ** ဆိုသည်မှာ ခန့်အပ်ကော်မတီဝင်မဟုတ်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရွေးကောက်တင်မြှောက်သည့် ရွေးကောက်ပွဲကို ဆိုသည်။

(ဆ) **ကော်မရှင်** ဆိုသည်မှာ ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ ရွေးကောက်တင်မြှောက်နိုင်ရန် အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲ ကော်မရှင်ကို ဆိုသည်။

(ဇ ) **ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်** ဆိုသည်မှာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲတို့ကို ဆိုသည်။

(ဈ ) **မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ** ဆိုသည်မှာ မြို့နယ်တစ်ခုအတွင်း နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူကို ဆိုသည်။

(ည) **အမည်စာရင်းတင်သွင်းသူ** ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်တစ်နေရာရာ၌ ရွေးကောက်တင်မြှောက်ခံယူရေးအတွက် ကော်မရှင်သို့ စာရင်းပေးသွင်းသူကို ဆိုသည်။

(ဋ ) **ကိုယ်စားလှယ်လောင်း** ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်တစ်နေရာရာ၌ ရွေးကောက်တင်မြှောက်ခံယူရေးအတွက် ကော်မရှင်က ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီ၍ မှတ်ပုံတင်ခွင့်ပြုသူကို ဆိုသည်။

(ဌ ) **ရွေးကောက်တင်မြှောက်ခြင်းခံရသူကိုယ်စားလှယ်** ဆိုသည်မှာ ကော်မရှင်က ရွေးကောက်ပွဲတွင် အနိုင်ရရှိကြောင်း အတည်ပြုသတ်မှတ်ခြင်းခံရသူကို ဆိုသည်။

(ဍ ) **မဲဆန္ဒနယ်** ဆိုသည်မှာ ဥပဒေနှင့်အညီ ကော်မရှင်ကသတ်မှတ်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မဲဆန္ဒနယ် (၆)နယ်နှင့် မြို့တော်နယ်နိမိတ်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီ မဲဆန္ဒနယ်များကို ဆိုသည်။

(ဎ ) **မဲစာရင်း** ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲကိစ္စ အလို့ငှာ သတ်မှတ်ထားသော မဲဆန္ဒနယ်များအတွက် ပြုစုထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကိုဆိုသည်။

(ဏ) **မဲရုံမှူး** ဆိုသည်မှာ မဲရုံအဖွဲ့အား ကြီးကြပ်သောပုဂ္ဂိုလ်ကို ဆိုသည်။

(တ) **မဲရုံအဖွဲ့** ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သတ်မှတ်မဲဆန္ဒနယ်တစ်နယ်၏ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ စုပေါင်း တာဝန်ယူဆောင်ရွက်ရန် ကော်မရှင်က အတည်ပြု တာဝန်ပေးအပ်သောအဖွဲ့ကို ဆိုသည်။

(ထ) **ခုံအဖွဲ့** ဆိုသည်မှာ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ကြားနာစစ်ဆေးနိုင်ရန် အလို့ငှာ ကော်မရှင်က ဤနည်းဥပဒေများနှင့်အညီ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းသော အဖွဲ့ကိုဆိုသည်။

(ဒ ) **ရွေးကောက်မှုဆိုင်ရာအခွင့်အရေး** ဆိုသည်မှာ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်နိုင်သောအခွင့်အရေး၊ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဘဲ နေနိုင်သောအခွင့်အရေး၊ ကိုယ်စားလှယ်လောင်းစာရင်းမှ နုတ်ထွက်နိုင်သော အခွင့်အရေး၊ ရွေးကောက်ပွဲတွင် မဲပေးနိုင်သောအခွင့်အရေး၊ မဲပေးခြင်းမပြုဘဲနေနိုင်သော အခွင့်အရေးတို့ကို ဆိုသည်။

(ဓ ) **တရားမဲ့ပြုကျင့်မှု** ဆိုသည်မှာ ဤနည်းဥပဒေများ အခန်း(၁၇) တွင် ဖော်ပြထားသော ပြုကျင့်မှုတစ်ခုခုကို ဆိုသည်။

(န ) **ဝန်ထမ်းအဖွဲ့အစည်း** ဆိုသည်မှာ ရွေးကောက်ပွဲဆိုင်ရာကိစ္စအဝဝကို ဆောင်ရွက်နိုင်ရန် အလို့ငှာ ကော်မတီက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ တာဝန်ပေးအပ်ထားသော ဝန်ထမ်းအဖွဲ့အစည်းကို ဆိုသည်။

(ပ ) **မသန်စွမ်းသူ** ဆိုသည်မှာ ပတ်ဝန်းကျင်၊ မူဝါဒနှင့် စိတ်သဘောထား အမြင်ပိုင်းဆိုင်ရာ အတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်မှုမရှိသည့် ကိုယ်အင်္ဂါမသန်စွမ်းသူ၊ အမြင်အာရုံချို့ယွင်းသူ၊ အပြော၊ အကြား အာရုံချို့ယွင်းသူနှင့် ဉာဏ်ရည်မသန်စွမ်းသူများကို ဆိုသည်။

(ဖ ) **ဆေးရုံသို့တက်ရောက်နေရသောအတွင်းလူနာ** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကဖွင့်လှစ်ထားသော သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသော ဆေးရုံတစ်ခုခု၌ အတွင်းလူနာအဖြစ် တက်ရောက်ကုသမှု ခံယူနေသူကို ဆိုသည်။

(ဗ ) **သာသနာ့ဝန်ထမ်း** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များကို ဆိုသည်-

(၁ ) ဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်လျှင် ဗုဒ္ဓဘာသာ သာသနာ့ဝန်ကို ထမ်းရွက်နေသော ရဟန်း၊ သာမဏေ၊ ဖိုးသူတော်၊ မယ်သီလ၊

**ရှင်းလင်းချက်။** သာသနာ့ဝန်ထမ်းဟုဆိုရာတွင် သာသနာရေးဆိုင်ရာ ရဟန်း သို့မဟုတ် သာသနာ့ဝန်ထမ်းအဖြစ် ခေတ္တခံယူထားသူများနှင့်လည်း သက်ဆိုင်စေရမည်။

(၂ ) ခရစ်ယာန်ဘာသာဝင်များအတွက်ဖြစ်လျှင် ခရစ်ယာန်သာသနာ့ဝန်ကို ထမ်းဆောင်ရန် အဓိကအားဖြင့် မိမိကိုယ်ကိုဆက်ကပ်ပြီးသော ပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန်အသင်းတော်ကြီးများ (Churches) က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော သို့မဟုတ် တာဝန်ပေးထားခြင်းခံရသော ပုဂ္ဂိုလ်များနှင့် မိမိတို့ကိုးကွယ်ရာဘာသာအရ ဂိုဏ်းချုပ်၏ အုပ်ချုပ်ခြင်းကို ဆန္ဒအလျောက်လက်ခံ၍ ဘာသာရေးစည်းမျဉ်း သို့မဟုတ် အမိန့်ဌာန်ပြချက်ဖြင့် စည်းရုံးထားသော ပုဂ္ဂိုလ်တစ်စုတွင် သို့မဟုတ် အဖွဲ့အစည်းတွင် ပါဝင်သောပုဂ္ဂိုလ်များ၊

(၃ ) ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် စံယာစီ၊ မဟန့် သို့မဟုတ် ဟိန္ဒူဘုန်းတော်ကြီးများ။

(ဘ) **အထောက်အကူပြုအဖွဲ့** ဆိုသည်မှာ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မရှင်က ဖွဲ့စည်းသည့် အဖွဲ့ကိုဆိုသည်။

## အခန်း (၂)
## ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ ခန့်အပ်တာဝန်ပေးခြင်းနှင့် အရည်အချင်းများ

၃။ အစိုးရအဖွဲ့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်ကို မြို့တော်နယ်နိမိတ်အတွင်း နေထိုင်သည့် သင့်လျော်သောနိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် လိုအပ်သောဌာနများကို ထည့်သွင်းဖွဲ့စည်းနိုင်ပြီး စည်ပင်သာယာအရာရှိတစ်ဦးကို ရုံးအဖွဲ့မှူးအဖြစ် တာဝန်ပေးအပ်ရမည်။

၄။ ကော်မရှင်သည် အောက်ပါ စည်ပင်သာယာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်-

(က) မြို့နယ်စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု စည်ပင်သာယာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ။

၅။ ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်သည် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို မြို့တော်နယ်နိမိတ်အတွင်း နေထိုင်သည့် သင့်လျော်သောနိုင်ငံသား အနည်းဆုံး သုံးဦးဖြင့် ဖွဲ့စည်းနိုင်သည်။ ယင်းသို့ ဖွဲ့စည်းရာတွင် စည်ပင်သာယာအရာရှိတစ်ဦးကို ရုံးအဖွဲ့မှူးအဖြစ် တာဝန်ပေးအပ်ရမည်။

၆။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိပုဂ္ဂိုလ်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) အသက် (၃၅)နှစ်ပြည့်ပြီးသူ၊ (ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအတွက် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်။)

(ခ) နိုင်ငံသားဖြစ်သူ၊

(ဂ) သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ၊

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

(င) သက်ဆိုင်ရာဒေသတွင် နေထိုင်ပြီး ဒေသခံပြည်သူများက ယုံကြည်လေးစားသူ၊

(စ) နိုင်ငံရေးပါတီဝင်မဟုတ်သူ၊

(ဆ) ကိုယ်စားလှယ်လောင်း မဟုတ်သူဖြစ်ရမည့်အပြင် မိမိတာဝန်ကျသည့် ဒေသ၊ မြို့နယ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း၏ မိသားစုဝင်နှင့် အတူနေ ဆွေမျိုးသားခြင်းများ မဖြစ်စေရ။

## အခန်း (၃)
## ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရွေးကောက်ပွဲများကျင်းပခြင်း၊

(ခ) ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဂ) မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) လိုအပ်သော အထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(စ) မဲရုံအဖွဲ့အား အတည်ပြုပေးခြင်း၊

(ဆ) မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ တင်ပြလာသော မဲစာရင်းများအား စိစစ်၊ အတည်ပြု၊ ထုတ်ပြန်ကြေညာခြင်း၊

(ဇ) မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် ညွှန်ကြားခြင်း၊

(ဈ) မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ တင်ပြချက်များအား စိစစ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ည) ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ကြေညာခြင်း၊

(ဋ) ကိုယ်စားလှယ်လောင်းများအား သတ်မှတ်အရည်အချင်းနှင့် ပြည့်မီခြင်း ရှိ မရှိ စိစစ်ခြင်းနှင့် အတည်ပြုမှတ်ပုံတင်ခြင်း၊

(ဌ) သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ကြေညာခြင်း၊ အသိအမှတ်ပြုလွှာ ထုတ်ပေးခြင်း၊

(ဍ) ရွေးကောက်တင်မြှောက်ခံရသူကိုယ်စားလှယ်များ၏ အမည်စာရင်းကို အတည်ပြု ကြေညာခြင်း၊

(ဎ) ရွေးကောက်ပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဏ) ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ရန်ပုံငွေခွဲဝေချထားခြင်း၊ အသုံးစရိတ်များကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(တ) ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုများနှင့် အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေး အတွက် ဥပဒေနှင့်အညီ ခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ထ) ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ရုံးနေရာများသတ်မှတ်ခြင်း၊ စီစဉ်ပေးခြင်း၊

(ဒ ) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရ သော်လည်းကောင်း လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်း မရှိသည့် မဲဆန္ဒနယ်၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းနှင့်ပယ်ဖျက်ခြင်း၊

(ဓ ) မဲဆန္ဒရှင်များအား အသိပညာပေးခြင်းနှင့် သတင်းအချက်အလက် ဖြန့်ချိခြင်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း၊

(န ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား စည်းကမ်းနှင့်အညီ စိစစ်ခြင်း၊ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ပ ) အစိုးရအဖွဲ့က ဤနည်းဥပဒေများနှင့်အညီ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

၈။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စည်ပင်သာယာမြို့နယ် တစ်မြို့နယ်တွင် ပါဝင်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုများအား တည်ဆဲဥပဒေများနှင့်အညီ စာရင်းပြုစုခြင်း၊

(ခ ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ တင်ပြသောမဲစာရင်းများ အား စိစစ်ခြင်း၊

(ဂ ) ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှ လိုအပ်သောအကူအညီများရရှိနိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) စိစစ်ရွေးချယ်ထားသည့်မဲစာရင်းအား သက်ဆိုင်ရာ စည်ပင်သာယာမြို့နယ်မဲစာရင်း အဖြစ် စုစည်း၍ ကော်မရှင်သို့ တင်ပြခြင်း၊

(င ) ကော်မရှင်က စိစစ်အတည်ပြုပြီးနောက် ယင်းမဲစာရင်းကို သက်ဆိုင်ရာ မြို့နယ် မဲစာရင်းအဖြစ် ထုတ်ပြန်ကြေညာခြင်း၊

(စ ) မဲရုံအရေအတွက်ပြုစုခြင်း၊

(ဆ) မဲရုံမှူး၊ မဲရုံအကူ ကိုယ်စားလှယ်များအား စိစစ်ရွေးချယ်ခြင်း၊ တာဝန်ပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဇ ) မဲရုံးမှူးများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီခြင်း၊ ပံ့ပိုးကူညီစေခြင်း၊

(ဈ ) ရွေးကောက်ပွဲများကျင်းပခြင်း၊

(ည) ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကြီးကြပ်စေခြင်း၊

(ဋ ) ကော်မရှင်က ဤနည်းဥပဒေများနှင့်အညီ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင် ရွက်ခြင်း။

၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် မဲစာရင်းများ စိစစ်ပြုစုခြင်း၊

(ခ) စိစစ်ပြုစုထားသည့် မဲစာရင်းအား စုစည်း၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မဲစာရင်းအဖြစ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခြင်း၊

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စိစစ်အတည်ပြုပြီးနောက် ယင်းမဲစာရင်းကို သက်ဆိုင်ရာ ရပ်ကွက်မဲစာရင်းအဖြစ် ထုတ်ပြန်ကြေညာခြင်း၊

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာ မဲစာရင်းဆိုင်ရာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ကန့်ကွက်ခြင်းများနှင့်ပတ်သက်၍ လက်ခံခြင်း၊ စိစစ်ခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) မဲရုံမှူးများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီခြင်း၊

(စ) ကော်မရှင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတို့က ဤနည်းဥပဒေများနှင့်အညီ ပေးအပ်သော လုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခြင်း။

၁၀။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ရွေးကောက်ပွဲနှင့်သက်ဆိုင်သောစာရင်းဇယားများနှင့်မှတ်တမ်းများကို တိကျစွာ ပြုစုထိန်းသိမ်းခြင်း၊

(ခ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ကူညီစောင့်ရှောက်ခြင်း၊

(ဂ) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှတစ်ပါး အခြားကိစ္စများနှင့် စပ်လျဉ်း၍ ပေါက်ကြားခြင်းမရှိစေရန် စောင့်ထိန်းခြင်း၊

(ဃ) ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းတစ်ဦးဦးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်း၊ မည်သည့်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်း၊

(င) လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်ခြင်း၊

(စ) မိမိ၏ တာဝန်၊ သိက္ခာနှင့်အညီ ပြောဆိုနေထိုင်ကျင့်ကြံခြင်း၊

(ဆ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်း ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို တိကျမှန်ကန်စွာ လိုက်နာ ဆောင်ရွက်ခြင်း။

၁၁။ ရွေးကောက်ပွဲကိစ္စအတွက် ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ ရွေးကောက်ပွဲဆိုင်ရာဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ကော်မရှင်သည် မိမိ၏ဆန္ဒအလျောက် သက်ဆိုင်ရာအမှုတွဲ စာရွက်စာတမ်းများကို တောင်းယူကြည့်ရှု၍ လိုအပ်သလိုအဆုံးအဖြတ်ချမှတ်နိုင်သည်။ ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၄ )
## မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ကြေညာခြင်း

၁၂။ ကော်မရှင်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲများကျင်းပနိုင်ရန် မဲဆန္ဒနယ်များကို အောက်ပါအတိုင်း သတ်မှတ်ရမည်-

(က) မြို့တော်နယ်နိမိတ်အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် မဲဆန္ဒနယ် (၆)နယ်သာ သတ်မှတ်ရမည်။

(ခ ) မဲဆန္ဒနယ်(၆)နယ်သတ်မှတ်ရာတွင် မဲဆန္ဒနယ်အရေအတွက်ကို မြို့တော်နယ်နိမိတ်အတွင်းရှိ မြို့နယ်များ၏လူဦးရေ အများအနည်းအလိုက် တန်းစီဇယားပြုစု၍ လူဦးရေအများဆုံးမြို့နယ်မှစပြီး မြို့နယ်တစ်နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီကို လိုအပ်နေသော မဲဆန္ဒနယ်အရေအတွက် ပြည့်သည်အထိ ထပ်ဆောင်းသတ်မှတ်ပေးရမည်။

(ဂ ) မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအတွက် မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ် တစ်နယ်စီအဖြစ် သတ်မှတ်ကြေညာရမည်။

၁၃။ ကော်မရှင်ကသတ်မှတ်သော ကော်မတီနှင့် မြို့နယ်ကော်မတီများ၏ မဲဆန္ဒနယ်သည် ကော်မတီသက်တမ်းတစ်ခုအတွက်သာ အတည်ဖြစ်သည်။

## အခန်း (၅)
## ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ

၁၄။ အောက်ပါပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်-

(က) မြို့တော်နယ်နိမိတ်အတွင်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသော ဧရိယာများတွင် အနည်းဆုံးတစ်နှစ် တစ်ဆက်တစ်စပ်တည်း အခြေချနေထိုင်သူဖြစ်၍ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီးသော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများ၊

(ခ ) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူများ။

၁၅။ အောက်ပါပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရ-

(က) သာသနာ့ဝန်ထမ်း၊

(ခ ) ထောင်ဒဏ်ကျခံနေရသူ၊

(ဂ ) စိတ်ပေါ့သွပ်နေသူဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

(ဃ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံးကကြေညာခံထားရခြင်းမှလွတ်မြောက်ခွင့်မရသေးသူ၊

(င ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ၊

(စ ) တပ်မတော် တပ်ဌာနချုပ်၊ တပ်ရင်း၊ တပ်ဖွဲ့ဧရိယာအတွင်းနေထိုင်သည့် တပ်မတော်သားနှင့် မိသားစုဝင်များ၊

(ဆ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်လက်အောက်ခံ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့နှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများရှိ ရဲတပ်ဖွဲ့ဝင်းများအတွင်း နေထိုင်သည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများ။

## အခန်း (၆)
## မဲစာရင်းများပြုစုခြင်း

၁၆။ (က) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် မဲဆန္ဒနယ်အတွက် မဲစာရင်းကို သတ်မှတ်ပုံစံဖြင့်ပြုစုရမည်။

(ခ) မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁) နှင့် အဖွဲ့ဝင်(၂)တို့၏ မဲဆန္ဒနယ် အတွက် မဲစာရင်းကို သတ်မှတ်ပုံစံဖြင့် သီးခြားစီပြုစုရမည်။

၁၇။ သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် မဲစာရင်းပြုစုရာ၌ မဲစာရင်းတွင် ပါဝင်ခွင့်ရှိသူများ၏ အမည် များကို သတ်မှတ်ပုံစံတွင် မြန်မာအက္ခရာဖြင့် ရေးသွင်းရမည်။ ယင်းသို့ရေးသွင်းရာ၌ တိကျမှုမရှိလျှင် အင်္ဂလိပ်အက္ခရာဖြင့်လည်း ကွင်းစကွင်းပိတ်အတွင်း၌ ရေးသွင်းဖော်ပြနိုင်သည်။

၁၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည်-

(က) မြို့တော်နယ်နိမိတ်အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲ ပိုင်ခွင့်ရှိသောဧရိယာများတွင် တစ်ဆက်တစ်စပ်တည်း အနည်းဆုံး တစ်နှစ်နေထိုင်သူ ဖြစ်၍ အသက်(၁၈)နှစ်ပြည့်ပြီး ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(ခ) မဲစာရင်းပြုစုရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက လည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက လည်းကောင်း ပြုစုထားသည့်လူဦးရေစာရင်းကို ရယူအခြေခံပြီးပြုစုရမည်။

(ဂ) မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင်ပါဝင်သူသည် ယင်းမဲဆန္ဒနယ်တွင်သာ မဲပေးခွင့် ရှိစေရမည်။

(ဃ) ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင်နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက်(၁၈)နှစ် ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်း ဖော်ပြရမည်။

(င) မဲစာရင်းများပြုစုရာတွင် အောက်ပါအတိုင်း စိစစ်ပြုစုရမည်-

(၁) အိမ်ထောင်စုစာရင်း သို့မဟုတ် ယာယီအိမ်ထောင်စုစာရင်းဖြင့် နေထိုင်သူ သို့မဟုတ် မြို့တော်နယ်နိမိတ်အတွင်း အနည်းဆုံး တစ်ဆက်တစ်စပ်တည်း တစ်နှစ်အခြေချနေထိုင်ကြောင်း ခိုင်လုံသော အထောက်အထားပြနိုင်သူ သို့မဟုတ် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်ရရှိသူ၊

(၂) နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင်ကတ် သို့မဟုတ် ဧည့်နိုင်ငံသားကတ် သို့မဟုတ် နိုင်ငံသားပြုခွင့်ရကတ်ရှိသူ သို့မဟုတ် အဆိုပါ ကတ်တစ်ခုခုကို ပျောက်ထားဆဲဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ထောက်ခံချက်ရရှိသူ။

၁၉။ မိမိတို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွက်-

(က) သတ်မှတ်ပုံစံဖြင့်ပြုစုထားသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မဲဆန္ဒနယ် အတွက် မဲစာရင်းများကို ရွေးကောက်ပွဲစတင်မကျင်းပမီ ကော်မရှင်ကသတ်မှတ်သည့် အတိုင်း ကြိုတင်၍ကြေညာရမည်။ ယင်းမဲစာရင်းများကို ကြေညာသည့်အခါ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ထိုမဲစာရင်းနှင့်စပ်လျဉ်းသော သတ်မှတ်ကြော်ငြာပုံစံကိုပါ တစ်ပါတည်းကြေညာရမည်။

(ခ ) သတ်မှတ်ပုံစံဖြင့် သီးခြားစီပြုစုထားသော မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂) မဲဆန္ဒနယ်အတွက် မဲစာရင်းများကို ရွေးကောက်ပွဲ စတင် မကျင်းပမီ ကော်မရှင်ကသတ်မှတ်သည့်အတိုင်း ကြိုတင်၍ကြေညာရမည်။ ယင်း မဲစာရင်းများကို ကြေညာသည့်အခါ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ထိုမဲစာရင်းနှင့်စပ်လျဉ်းသော သတ်မှတ်ကြော်ငြာပုံစံကိုပါ တစ်ပါတည်းကြေညာရမည်။

၂၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက မဲစာရင်းများကြေညာပြီးနောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာမဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ မရှိ ကို လာရောက် ကြည့်ရှုရန် တာဝန်ရှိသည်-

(က) မဲစာရင်း၌ မိမိအမည်ပါဝင်ခြင်းမရှိသေးပါက အမည်ထည့်သွင်းရန်တောင်းဆိုလွှာကို သတ်မှတ်ပုံစံဖြင့်လည်းကောင်း၊ မဲစာရင်းပါ အမည်နှင့်အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာကို သတ်မှတ်ပုံစံဖြင့်လည်းကောင်း၊ ပြင်ဆင်ရန် ရှိပါက ပြင်ဆင်လွှာကိုသတ်မှတ်ပုံစံဖြင့်လည်းကောင်း တင်သွင်းနိုင်သည်။

(ခ ) ယင်းသို့တောင်းဆိုလွှာတင်သွင်းသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲက စိစစ်ပြီး ရွေးကောက်ပွဲနည်းဥပဒေများနှင့်ညီညွတ်လျှင် မဲစာရင်း၌ ဖြည့်စွက် ဖော်ပြရမည်။

၂၁။ (က) မဲစာရင်း၌ အမည်ထည့်သွင်းရန် တောင်းဆိုလွှာ၊ မဲစာရင်းပါအမည်နှင့် အခြားအချက် အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာ၊ ပြင်ဆင်ရန်ရှိပါက ပြင်ဆင် လွှာများကို သတ်မှတ်ပုံစံများဖြင့် မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲသို့ တင်သွင်းရမည်။

(ခ ) မဲစာရင်း၌ အမည်ထည့်သွင်းရန် တောင်းဆိုလွှာတင်သွင်းသော ပုဂ္ဂိုလ်ကလည်းကောင်း၊ ယင်းပုဂ္ဂိုလ်က စာဖြင့်လွှဲအပ်ထားသောကိုယ်စားလှယ်ကလည်းကောင်း၊ တောင်းဆိုလွှာတွင် လက်မှတ်ရေးထိုး၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ကဖြစ်စေ တင်သွင်းရမည်။

(ဂ ) မဲစာရင်း၌ အမည်ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကိုလည်းကောင်း၊ ထည့်သွင်းထားသော အချက်အလက်ကိုလည်းကောင်း၊ ကန့်ကွက်လိုလျှင် သို့မဟုတ် ပြင်ဆင်လိုလျှင် သတ်မှတ်ပုံစံများတွင် ထိုသူနှင့်ပတ်သက်သော မဲစာရင်းပါအချက်အလက်အားလုံးကို ထည့်သွင်းတင်ပြရမည်။ သို့ရာတွင် မိမိအမည်ပါဝင်ခြင်းမရှိသော အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမဲစာရင်း၌ပါရှိသော ပုဂ္ဂိုလ်များကို ကန့်ကွက်ခြင်းမပြုရ။

(ဃ) သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေခွဲ (က)တွင် သတ်မှတ်ထားသည့် ကာလအပိုင်းအခြားထက်ကျော်လွန်သော တောင်းဆိုလွှာ သို့မဟုတ် ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာကို လက်ခံခြင်းမပြုရ။

(င ) သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် တစ်ဦး တစ်ယောက်၏ အမည်ကို မဲစာရင်း၌ ထည့်သွင်းခြင်းမပြုမီ ဤနည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (က)နှင့်(ခ )တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း စိစစ်ရမည်။

၂၂။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် အထက်ပါကိစ္စရပ်တို့နှင့် စပ်လျဉ်းသော တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာများကို လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန် ဆုံးဖြတ်နိုင်သည်။

(ခ ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာကို လက်ခံလျှင်ဖြစ်စေ၊ ငြင်းပယ်လျှင်ဖြစ်စေ ယင်းသို့ လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းဖြစ်ကြောင်းကို တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာတင်သွင်းသူထံသို့ တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာတင်သွင်းသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း အကြောင်းကြားစာပေးပို့ရမည်။

(ဂ ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် နည်းဥပဒေခွဲ (ခ)အရ ပေးပို့သည့်အကြောင်းကြားစာကို လက်ခံရရှိသည့် နေ့မှစ၍ သုံးရက်အတွင်း သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံနိုင်သည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အယူခံလွှာရရှိသောအခါ အမှုတွဲဖွင့်လှစ်၍ လိုအပ်သည် များ စိစစ်ပြီး ဆောလျင်စွာ ဆုံးဖြတ်ချက်ချမှတ်ရမည်။ သက်ဆိုင်ရာမြို့နယ်ကော်မရှင် အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၀ နှင့် ဤနည်းဥပဒေ ၁၁ ပါ ပြဋ္ဌာန်းချက်များမှအပ အပြီးအပြတ်ဖြစ်စေရမည်။

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက် ဆောင်ရွက်ရမည်။

(င ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အယူခံမှုမပြီးပြတ်သေးသော်လည်း မဲစာရင်းတွင် အမည်ပါရှိပြီး ဖြစ်သောသူအား မဲမပေးရဟု တားမြစ်ခြင်းမပြုရ။ ယင်းအခွင့်အရေးအရ ပေးပြီးဖြစ်သော ဆန္ဒမဲသည်လည်း တရားဝင်ဖြစ်စေရမည်။

၂၃။ ကော်မရှင်သည် -

(က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက တင်ပြလာသည့် မဲစာရင်းများကို စိစစ်ရမည်။

(ခ ) မြို့နယ်အလိုက် မဲစာရင်းပြုစုပြီး မှတ်ပုံတင်ထားရှိရမည်။

၂၄။ နည်းဥပဒေ ၂၂၊ နည်းဥပဒေခွဲ (ဃ)တွင် မည်သို့ပင်ဆိုထားစေကာမူ-

(က) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်းတွေ့ရှိလျှင် ကော်မရှင်က ထိုအမည်များကို ရွေးကောက်ပွဲမကျင်းပမီ ခုနစ်ရက်ထက် နောက်မကျစေဘဲ နောက်ဆက်တွဲမဲစာရင်းတွင် ထည့်သွင်းစေရန် ခွင့်ပြုနိုင်သည်။

(ခ ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦး၏အမည်သည် မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းများတွင် ပါရှိနေပါက မဲဆန္ဒရှင်၏ဆန္ဒနှင့်အညီ ၎င်းမဲပေးလိုသည့် မဲဆန္ဒနယ်တွင် မဲပေးနိုင်ရန်အတွက် အဆိုပါမဲပေးလိုသည့် မဲဆန္ဒနယ်နှင့် သက်ဆိုင်သည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးရမည်။ ထို့နောက် ယင်းမြို့နယ်ကော်မရှင် အဖွဲ့ခွဲသည် ထိုသူ၏အမည်အား မိမိမဲဆန္ဒနယ်၏ မဲစာရင်းတွင် ထည့်သွင်းပြီးကြောင်းနှင့် အခြားမဲဆန္ဒနယ်များရှိမဲစာရင်းများတွင် ထိုသူ၏အမည်ကို ပယ်ဖျက်ပေးရန် အမည်စာရင်းပါရှိနေသည့် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ အသီးသီးထံသို့ အကြောင်းကြားရမည်။

(ဂ ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦး၏ အမည်သည် မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တစ်ခုထက်ပိုသည့် မဲစာရင်းများတွင် ပါရှိနေပါက မဲဆန္ဒရှင်၏ ဆန္ဒနှင့်အညီ ၎င်းမဲပေးလိုသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် မဲပေးနိုင်ရန်အတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားစီစဉ်ပေးရမည်။ ထို့နောက် မိမိ မြို့နယ်အတွင်းရှိ အခြားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ မဲစာရင်းများမှ ထိုသူ၏အမည်ကို ပယ်ဖျက်စေရန်ညွှန်ကြားရမည်။

၂၅။ (က) မဲစာရင်း၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုး၍ အတည်ပြုထားသော သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ မဲစာရင်းနှစ်စုံကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက မဲဆန္ဒနယ်အလိုက် စုစည်းရမည်။

(ခ ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲစာရင်းမိတ္တူကို ကူးယူခွင့်ပြုရန်လျှောက်ထားလာပါက-

(၁ ) ကိုယ်စားလှယ်လောင်းတစ်ဦးဦးက လျှောက်ထားခြင်းဖြစ်လျှင် မဲစာရင်းမိတ္တူ တစ်စုံကို အခမဲ့ကူးယူခွင့်ပြုနိုင်သည်။

(၂ ) အခြားသူတစ်ဦးဦးက ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားခြင်း ဖြစ်လျှင် တစ်မျက်နှာလျှင် ငွေ ၂၅ ကျပ်နှုန်းပေးသွင်းစေ၍ ကူးယူခွင့်ပြု နိုင်သည်။

## အခန်း (၇)
## ရွေးကောက်ပွဲဆိုင်ရာကြေညာချက်များထုတ်ပြန်ခြင်း

၂၆။ ကော်မရှင်သည် အောက်ပါတို့ကို သတ်မှတ်ကြေညာရမည်-

(က) ရွေးကောက်ပွဲစတင်ကျင်းပမည့်နေ့ရက်၊

(ခ) မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရမည့်နောက်ဆုံး နေ့ရက်နှင့် အချိန်၊

(ဂ) ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံး နေ့ရက်နှင့် အချိန်၊

(ဃ) ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က စိစစ်ရမည့် နေ့ရက်နှင့် အချိန်၊

(င) ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရမည့်ကာလ၊

(စ) လိုအပ်သောပုံစံများ၊

(ဆ) ရွေးကောက်ပွဲဆိုင်ရာအခြားကိစ္စရပ်များ။

## အခန်း (၈)
## ကိုယ်စားလှယ်လောင်း၏ အရည်အချင်းများ

၂၇။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များအဖြစ်ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းများသည် အောက်ပါအရည်အချင်း များနှင့် ပြည့်စုံရမည် -

(က) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာမဲစာရင်းတွင်အမည်ပါရှိသူ ဖြစ်ရမည်။

(ဂ) ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းသည့်နေ့ရက်တွင် အသက် ၂၅ နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဃ) မြို့တော်နယ်နိမိတ်အတွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်တွင် တစ်ဆက်တည်း အနည်းဆုံး ၃ နှစ် နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိ ကိုယ်စားလှယ် လောင်းအဖြစ် တင်သွင်းချိန်တွင် အိမ်ထောင်စုစာရင်းအရ အမှန်တကယ်နေထိုင်သူ ဖြစ်ရမည်။

**ခြွင်းချက်** ။ ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သည့်ကာလကို လျှော့ပေါ့စဉ်းစားနိုင်သည်။

(င ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ပေးဆောင်ရန်ရှိသည့် အခွန်၊ အခကြွေးကျန် ကင်းရှင်းသူဖြစ်ရမည် ဖြစ်သည့်အပြင် စားဝတ်နေရေး ဖူလုံသူဖြစ်ရမည်။

(စ ) ဤနည်းဥပဒေများ နည်းဥပဒေ ၂၈ ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိသူဖြစ်ရမည်။

(ဆ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်။

## အခန်း (၉)
## ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိခြင်း

၂၈။ အောက်ပါပုဂ္ဂိုလ်များသည် ကိုယ်စားလှယ်လောင်းအဖြစ် မှတ်ပုံတင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေရ-

(က) ထောင်ဒဏ်ကျခံနေရသူ၊

(ခ ) စိတ်ပေါ့သွပ်သူဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

(ဂ ) လူမွဲအဖြစ်သက်ဆိုင်ရာတရားရုံးက ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊

(ဃ) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊

(င ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊

(စ ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ဆ) ပုဂ္ဂိုလ်ရေး သို့မဟုတ် ဘာသာရေးကို အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းပြုသူ သို့မဟုတ် ယင်းသို့ပြုလုပ်သည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ဇ ) သာသနာ့ဝန်ထမ်း၊

(ဈ ) နိုင်ငံ့ဝန်ထမ်း၊

(ည) နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၃ (ဇ)နှင့် (ဈ) တို့အရ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခံရသူ၊ ထုတ်ပစ်ခံရသူ၊

(ဋ ) ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကော်မရှင်က ကော်မတီသက်တမ်းတစ်ရပ်အတွင်း အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသူ၊

(ဌ ) ကော်မတီဝင်အရည်အချင်း ပျက်ယွင်းစေသောပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုကျူးလွန်ခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ရန်ပျက်ယွင်းခြင်းကြောင့် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း ကော်မရှင်ကသတ်မှတ်ထားသည့်ကာလ ကုန်ဆုံးခြင်းမရှိသေးသူ၊

(ဍ ) ရွေးကောက်ပွဲဥပဒေတစ်ရပ်ရပ်အရ အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ကြေညာထားခြင်းခံရသူ၊

(ဎ ) မိမိကိုယ်ရေးအချက်အလက်များကို မမှန်မကန်တင်ပြသူ၊ ပြည့်စုံစွာမတင်ပြသူ၊

(ဏ) ကိုယ်ကျင့်တရားဆိုင်ရာ ပြစ်မှုကျူးလွန်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသူ။

၂၉။ ကော်မတီဝင် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် အောက်ပါအချက်တစ်ခုခုနှင့် ငြိစွန်းလျှင် ကော်မတီဝင်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ-

(က) သာသနာ့ဝန်ထမ်းအဖြစ်သို့ အမြဲတမ်းကူးပြောင်းသွားခြင်း၊

(ခ ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရခြင်း၊

(ဂ ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံရခြင်း၊

(ဃ) ကော်မတီဝင်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရခြင်း၊

(င ) သက်ဆိုင်ရာဥပဒေအရ နိုင်ငံသားအဖြစ်မှ ရပ်စဲသွားကြောင်း သတ်မှတ်ခံရခြင်း၊

(စ ) မွေးဖွားစဉ်က မိဘတစ်ပါးပါးဖြစ်စေ၊ နှစ်ပါးလုံးဖြစ်စေ နိုင်ငံသားမဟုတ်ကြောင်း သက်ဆိုင်ရာ၏ သတ်မှတ်ခံရခြင်း၊

(ဆ) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ၊ နိုင်ငံခြားအစိုးရ၏ သြဇာခံယူသူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသား ဖြစ်သူဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဇ ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဈ ) ကော်မတီဝင်ကိုယ်စားလှယ်အဖြစ်မှ ကော်မရှင်က နုတ်ထွက်ခွင့်ပြုခြင်း၊

(ည) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသောအထောက်အထားရှိသည်ဟု သက်ဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ခံရခြင်း၊

(ဍ ) နည်းဥပဒေ ၂၈ ၊ နည်းဥပဒေခွဲ (စ)၊ (ဆ) ပါ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဝင် ဖြစ်ကြောင်း ခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဎ ) နည်းဥပဒေ ၂၈၊ နည်းဥပဒေခွဲ (ဈ)ပါ နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက အကြောင်းကြားခံရခြင်း။

## အခန်း (၁၀ )
## ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း

၃၀။ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံလိုသူများသည် သတ်မှတ်ရက်အတွင်း ကော်မရှင်သို့ မိမိဝင်ရောက်ယှဉ်ပြိုင်လိုသော နေရာတစ်ခုတည်းကိုသာရွေးချယ်ပြီး အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ပုံစံဖြင့်တင်သွင်းရမည်။

၃၁။ ကော်မတီအဆင့်ဆင့်တွင် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းတစ်ဦးသည် အောက်ဖော်ပြပါအချက်များနှင့်ညီညွတ်လျှင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်-

(က) ကော်မတီအဆင့်ဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်း တစ်ဦးသည် မဲဆန္ဒနယ် တစ်နယ်ထက်ပို၍ အမည်စာရင်းတင်သွင်းခြင်းမပြုရ၊

(ခ ) ကော်မတီဝင်တစ်ဦးအဖြစ် ယှဉ်ပြိုင်ရွေးချယ်ခံလိုသူသည် မြို့တော်နယ်နိမိတ်အတွင်း နေထိုင်ပြီး ဤနည်းဥပဒေများ နည်းဥပဒေ ၂၇ ပါ အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်ရမည်၊

(ဂ ) မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်အဖြစ် ယှဉ်ပြိုင်ရွေးချယ်ခံလိုသူသည် သက်ဆိုင်ရာမြို့နယ်အတွင်းနေထိုင်ပြီး ဤနည်းဥပဒေများ နည်းဥပဒေ ၂၇ ပါ အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

၃၂။ ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိအိမ်ထောင်စုစာရင်းဖြင့်နေထိုင်သည့် မြို့နယ်နှင့် သက်ဆိုင်ရာ မဲဆန္ဒနယ်တွင်သာ ဝင်ရောက်ရွေးချယ်ခံနိုင်ခွင့်ရှိသည်။

၃၃။ ကိုယ်စားလှယ်လောင်းအမည် တင်သွင်းလိုသူသည် ကော်မရှင်က သတ်မှတ်သည့် မှတ်ပုံတင်ကြေးကို သတ်မှတ်ထားသည့် ငွေစာရင်းခေါင်းစဉ်ဖြင့် မြို့တော်ဘဏ်သို့ အောက်ဖော်ပြပါအတိုင်း ငွေပေးသွင်း၍ ငွေပေးသွင်းပြီးကြောင်း ချလံမူရင်းကို အမည်စာရင်းတင်သွင်းလွှာနှင့်အတူ တင်သွင်းရမည်-

(က) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်းဖြစ်ပါက မှတ်ပုံတင်ကြေး ကျပ် (၅) သိန်း၊

(ခ ) မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင် ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းခြင်းဖြစ်ပါက မှတ်ပုံတင်ကြေး ကျပ် (၂) သိန်း။

၃၄။ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းထားသူ တစ်ဦးဦးသည် အမည်စာရင်း တင်သွင်းလွှာကို အပယ်ခံရလျှင်ဖြစ်စေ၊ ရွေးကောက်ပွဲစတင်မကျင်းပမီ ကွယ်လွန်လျှင်ဖြစ်စေ အမည်စာရင်းတင်သွင်းလွှာနှင့်အတူ ပေးသွင်းခဲ့သော ရွေးကောက်ပွဲဝင်ခွင့် မှတ်ပုံတင်ကြေးကို ထိုသူအား သို့မဟုတ် ထိုသူ၏ကိုယ်စားလှယ်အား ကော်မရှင်က ပြန်လည်ထုတ်ပေးရမည်။

၃၅။ ကော်မတီဝင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင် ကိုယ်စားလှယ်လောင်း အဖြစ် အမည်စာရင်းတင်သွင်းထားသူသည် သတ်မှတ်ထားသည့်အတိုင်း မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူ တစ်ဦးကို ဖြစ်စေ မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်အပ်နိုင်သည်။ ထို့ပြင် မဲရုံကိုယ်စား လှယ်နှင့် အကူကိုယ်စားလှယ်များကိုလည်း ခန့်အပ်နိုင်သည်။

၃၆။ (က) ဤနည်းဥပဒေအရ ကော်မတီဝင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းနှင့် ပြည့်စုံသူကိုသာလျှင် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားရမည်။ ယင်းသို့ ခန့်ထားရာတွင် ထိုသူ၏သဘောတူညီချက်ဖြင့်ခန့်ထားရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခန့်ထားသည့် ရွေးကောက်ပွဲ ကိုယ်စားလှယ် နှုတ်ထွက်လျှင် ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခံရလျှင် ဖြစ်စေ ကော်မတီဝင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင် ကိုယ်စားလှယ် လောင်းသည် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် အခြားသူတစ်ဦးအား ခန့်ထားနိုင်သည်။

## အခန်း (၁၁)
## ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာကိုရုပ်သိမ်းခြင်း

၃၇။ ကော်မတီဝင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်ကိုယ်စားလှယ်လောင်း တစ်ဦးသည် မိမိအမည်စာရင်းတင်သွင်းလွှာကို မိမိဆန္ဒအလျောက် ရုပ်သိမ်းလိုလျှင် ကော်မရှင်က သတ်မှတ်ထားသည့် ကာလအတွင်း ရုပ်သိမ်းလွှာကို သတ်မှတ်ပုံစံနှစ်စောင်ဖြင့် မိမိကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ မိမိအမည်စာရင်းတင်သွင်းလွှာ တင်သွင်းခဲ့သည့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲထံတင်ပြရမည်။ ထိုသို့ရုပ်သိမ်းလွှာတင်သွင်းလျှင် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာနှင့်အတူပေးသွင်းခဲ့သော ရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေးကို ပြန်လည် တောင်းခံပိုင်ခွင့်မရှိစေရ။

၃၈။ ယင်းရုပ်သိမ်းလွှာကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက လက်ခံပြီးနောက် ကော်မရှင်သို့ အဆင့်ဆင့်တင်ပြရမည်။ ကော်မရှင်သည် ယင်းရုံးရှိ အများပြည်သူတွေ့မြင်နိုင်သောနေရာ၌ ကိုယ်စားလှယ်လောင်းအဖြစ်မှ ရုပ်သိမ်းသည့်ကြေညာချက်တစ်စောင်ကို ကပ်ထားရမည်။

## အခန်း (၁၂)
## ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို စိစစ်ခြင်း၊ ကိုယ်စားလှယ်အဖြစ် အတည်ပြုခြင်း

၃၉။ ကော်မရှင်သည်-

(က) ကော်မတီအဆင့်ဆင့်တွင် ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းသူများအား သတ်မှတ်အရည်အချင်းနှင့်ညီညွတ်မှု ရှိ မရှိကို ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အား စိစ်ဆေးစေနိုင်သည်။

(ခ ) နည်းဥပဒေခွဲ (က) စစ်ဆေးတွေ့ရှိချက်အရ ကိုယ်စားလှယ်လောင်းအရည်အချင်းနှင့် ပြည့်စုံသူအား သက်ဆိုင်ရာ ကော်မတီအဆင့်ဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည့် ကိုယ်စားလှယ်လောင်းများအဖြစ် စာရင်းပြုစု၍ မှတ်ပုံတင်ထားရှိရမည်။

(ဂ ) နည်းဥပဒေခွဲ (က) စစ်ဆေးတွေ့ရှိချက်အရ ကိုယ်စားလှယ်လောင်းအရည်အချင်းနှင့် မပြည့်စုံသူများ၏ အမည်စာရင်းကို ပြုစုရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ ) ပါ အရည်အချင်းမပြည့်စုံသည့် ကိုယ်စားလှယ်လောင်းများသည် မည်သည့် အကြောင်းအချက်ကြောင့် ကိုယ်စားလှယ်လောင်းအရည်အချင်း ပျက်ယွင်းသည်ကို မှတ်တမ်းတင်ထားရမည်။

(င ) နည်းဥပဒေခွဲ (ခ ) နှင့် (ဂ ) စာရင်းများကို အများသိရှိနိုင်စေရန် ကြေညာရမည်။

၄၀။ ကော်မရှင်၏ ထုတ်ပြန်ကြေညာချက်အပေါ် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းထားသူက ကျေနပ်မှုမရှိလျှင်-

(က) ကိုယ်စားလှယ်လောင်း အမည်စာရင်း ထုတ်ပြန်ကြေညာသည့်နေ့မှ ခုနစ်ရက်အတွင်း ကော်မရှင်သို့ တင်ပြခွင့်ရှိသည်။

(ခ ) နည်းဥပဒေခွဲ(က)အရ တင်ပြသည့် ကိစ္စများတွင် ကော်မရှင်သည် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး အပါအဝင် အဖွဲ့ဝင်သုံးဦးဖြင့် ခုံအဖွဲ့ဖွဲ့စည်း၍ သတ်မှတ်ကာလအတွင်း စိစစ်ပေးရန် တာဝန်ပေးနိုင်သည်။

(ဂ ) ခုံအဖွဲ့သည် လိုအပ်ပါက ခုံအဖွဲ့က စစ်ဆေးမည့်အကြောင်းအရာများအား အထောက်အကူဖြစ်စေမည့်အချက်အလက်များကို တိကျစွာစုံစမ်းဖော်ထုတ်ပေးရန် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများသို့ ညွှန်ကြားနိုင်သည်။

(ဃ) ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူသည် မိမိတင်ပြလိုသော အထောက်အထားများကို တင်ပြခွင့်ရှိသည်။

(င ) ခုံအဖွဲ့ဝင် အားလုံးသည် မိမိတို့၏ ဆုံးဖြတ်ချက်ပါရှိသော အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ ကော်မရှင်သို့ ခုနစ်ရက်အတွင်း တင်သွင်းရမည်။

(စ ) ကော်မရှင်သည် ခုံအဖွဲ့၏အစီရင်ခံစာကိုစိစစ်၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို သုံးရက်အတွင်း ဆုံးဖြတ်ခြင်း၊ ထုတ်ပြန်ကြေညာခြင်းပြုရမည်။ ကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

## အခန်း (၁၃)
## ကြိုတင်ဆန္ဒမဲပေးခြင်း

၄၁။ (က) ရွေးကောက်ပွဲကျင်းပသော နေ့ရက်၌ မိမိနှင့် သက်ဆိုင်သည့် မဲဆန္ဒနယ်၏ ပြင်ပသို့ ခရီးဝေး သွားရန်ရှိသူ တစ်ဦးသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံ ကြိုတင်၍ ဆန္ဒမဲပေးနိုင်သည်။ ယင်းသို့ မဲဆန္ဒနယ်၏ ပြင်ပသို့ခရီးဝေးသွားရန်ရှိကြောင်း ခိုင်လုံသောအထောက်အထား တင်ပြရမည်။

(ခ ) ရွေးကောက်ပွဲကျင်းပသောနေ့ရက်၌ မဲဆန္ဒနယ်အတွင်းတွင်ရှိသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သော-

(၁ ) အသက်အရွယ်ကြီးရင့်သူ၊ အနာကြီးရောဂါ စွဲကပ်နေသူ၊ နေအိမ်တွင်ရောဂါဝေဒနာပြင်းထန်စွာ ခံစားနေရသူနှင့် နေအိမ်တွင် မီးဖွားနေသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ မိမိအဖွဲ့ဝင်နှစ်ဦးကိုစေလွှတ်၍ သက်ဆိုင်ရာ မဲဆန္ဒရှင်များအား ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးအရ ဆန္ဒမဲပေးလိုက ပေးနိုင်ကြောင်းနှင့် ဆန္ဒမဲ မပေးလိုက ဆန္ဒမဲပေးခြင်းမပြုဘဲ နေနိုင်ကြောင်းကို ရှင်းပြရမည်။ သက်ဆိုင်ရာမဲဆန္ဒရှင်က ဆန္ဒမဲပေးလိုကြောင်းပြောပါက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။ ယင်းသို့ဆန္ဒမဲပေးပိုင်ခွင့်ရှိသူကိုယ်တိုင် ကြိုတင်ဆန္ဒမဲလက်မှတ်တွင်ရေးသွင်းရန် အခက်အခဲရှိလျှင် မဲစာရင်းတွင်ပါရှိသော ယင်းပုဂ္ဂိုလ်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမတစ်ဦးဦးက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ဆန္ဒအတိုင်း ယင်း၏ရှေ့မှောက်တွင် ရေးသွင်းရမည်။ ထိုသို့ ကူညီမည့်သူမရှိလျှင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးဦးက ယင်းပုဂ္ဂိုလ်၏ ရှေ့မှောက်တွင် ယင်းပုဂ္ဂိုလ်က ညွှန်ကြား သည့်အတိုင်း ရေးသွင်းရမည်။

(၂ ) မသန်စွမ်းသူဖြစ်လျှင် ဤနည်းဥပဒေပါ နည်းလမ်းအတိုင်းဆောင်ရွက်ပြီး သက်ဆိုင်ရာမဲစာရင်း၌ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကိုမောင်နှမ အရင်းတစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူ ကိုယ်တိုင်စိတ်ကြိုက်ရွေးချယ်သောသူတစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခြင်းကိုလည်း ခွင့်ပြုရမည်။

(၃ ) အချုပ်ခံနေရသူနှင့်ပတ်သက်လျှင် ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်း အကြီးအမှူးကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲကဆက်သွယ်ပြီး အချုပ်ခံနေရသူများ ဆန္ဒမဲပေးနိုင်ရန် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ မိမိအဖွဲ့ဝင်နှစ်ဦးကို စေလွှတ်၍ ကြီးကြပ်ဆောင်ရွက်ပေးရမည်။ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းအကြီးအမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ ကြီးကြပ်မှုဖြင့် ဤနည်းဥပဒေပါ နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

(၄ ) ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာနှင့်ပတ်သက်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ဆေးရုံတာဝန်ခံနှင့်ဆက်သွယ်ပြီး ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများ ဆန္ဒမဲပေးနိုင်ရန် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ မိမိအဖွဲ့ဝင် နှစ်ဦးကိုစေလွှတ်၍ ကြီးကြပ်ဆောင်ရွက်ပေးရမည်။ ဆေးရုံတာဝန်ခံသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ ကြီးကြပ်မှုဖြင့် ဤနည်းဥပဒေပါ နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

(၅ ) နည်းဥပဒေခွဲငယ်(၃)နှင့် (၄) ပါကိစ္စရပ်များအတွက် ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းအကြီးအမှူး သို့မဟုတ် ဆေးရုံတာဝန်ခံတို့သည် ဤနည်းဥပဒေခွဲပါ မဲဆန္ဒရှင်များအား ယင်းတို့၏ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးအရ ဆန္ဒမဲပေးလိုကပေးနိုင်ပြီး ဆန္ဒမဲမပေးလိုက ဆန္ဒမဲပေးခြင်းမပြုဘဲနေနိုင်ကြောင်း ဦးစွာရှင်းပြရမည်။ သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဆန္ဒမဲပေးလိုကြောင်း ပြောပါက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(၆ ) နည်းဥပဒေခွဲငယ် (၁)၊ (၂)၊ (၃)နှင့် (၄)တို့ပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲလေ့လာသူတို့လည်း လိုက်ပါကြည့်ရှုနိုင်သည်။

(ဂ ) ရွေးကောက်ပွဲကျင်းပသောနေ့၌ မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ သွားရောက်တာဝန်ထမ်းဆောင်ရသော ဝန်ထမ်း သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များက ကြိုတင်ဆန္ဒမဲပေးလိုပါက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်။

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ကော်မရှင်က သတ်မှတ်ပေးသော နေ့ရက်နှင့် အချိန်အတွင်း၌သာ ကြိုတင်ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်ပေးရမည်။ ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များ ထည့်သွင်းရန် မဲပုံးများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ် အပါအဝင် ရောက်ရှိနေသူများအား ပြသပြီး ချိပ်ပိတ်ရမည်။

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲပေးသူများ၏ အမည်စာရင်းကို ယင်းတို့နှင့်သက်ဆိုင်သော မဲစာရင်းများနှင့် ယှဉ်တွဲပြီး ရေးမှတ်ထားရမည်။ ယင်းတို့ကဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် စာအိတ်များကို မဲရုံအလိုက် ချိပ်ပိတ်ထားသည့် သက်ဆိုင်ရာ မဲပုံးများအတွင်းသို့ ထည့်သွင်း၍ လုံခြုံစွာ သိမ်းဆည်း ထားရမည်။

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင်နေထိုင်သော အသက်အရွယ်ကြီးရင့်သူ၊ အနာကြီး ရောဂါစွဲကပ်နေသူ၊ နေအိမ်တွင် ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ၊ နေအိမ်တွင် မီးဖွားနေသူများ၊ မသန်စွမ်းသူများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့တက်ရောက် နေရသော အတွင်းလူနာများ၏ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါရှိသည့် စာအိတ်များကိုလည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲရုံးရှိ ကြိုတင်ဆန္ဒမဲများ သိမ်းဆည်းထားသည့် သက်ဆိုင်ရာ မဲပုံးအသီးသီးတွင် ထည့်၍ သိမ်းဆည်းရမည်။

(ဆ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကျင်းပသည့် နေ့တွင် မဲရုံမဖွင့်မီဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် ချိပ်ပိတ်ထားသော မဲပုံးအသီးသီးကို သက်ဆိုင်ရာမဲရုံများသို့ သယ်ဆောင်သွားပြီး မဲရုံမှူးထံအပ်နှံရမည်။ ဤသို့အပ်နှံရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး လက်မှတ်ရေးထိုးထားသည့် သတ်မှတ်ပုံစံလေးစောင်နှင့်အတူ ဆန္ဒမဲ လက်မှတ် လက်ခံဖြတ်ပိုင်းများလည်း တစ်ပါတည်းပါရှိစေရမည်။ ယင်းပုံစံများတွင် မဲရုံမှူးက လက်မှတ်ရေးထိုး၍ တစ်စောင်ကိုသိမ်းဆည်းထားပြီး တစ်စောင်ကို မိမိ၏ မဲရုံတွင်ကပ်ထားရမည်။ ကျန်နှစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသို့ ပြန်လည်ပေးအပ်ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသည် တစ်စောင်ကိုသိမ်းဆည်းထားပြီး တစ်စောင်ကို မိမိ၏ရုံးတွင် ကပ်ထား ရမည်။

(ဇ) နည်းဥပဒေခွဲ (က)၊ (ဂ)၊ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့ပါ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံ ကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲလေ့လာသူတို့ ကြည့်ရှုနိုင်သည်။

၄၂။ သက်ဆိုင်ရာ မဲရုံမှူးသည် သတ်မှတ်ပုံစံပါ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများ၏ အမည်များကို သက်ဆိုင်ရာမဲစာရင်းတွင် ကြိုတင်ဆန္ဒမဲပေးပြီးကြောင်း မှတ်သားထားရမည်။

၄၃။ (က) ကြိုတင်ဆန္ဒမဲလက်မှတ်ကို တောင်းဆိုသူသည် သူတစ်ပါးအယောင်ဆောင်သော ပြစ်မှုကိုကျူးလွန်သူဖြစ်ကြောင်း ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ်ကဖြစ်စေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက

သင့်လျော်သည်ဟု ထင်မြင်သူကဖြစ်စေ ကန့်ကွက်လာလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် သတ်မှတ်ကန့်ကွက်မဲစာရင်းပုံစံတွင် လိုအပ်သည်များဖြည့်စွက်၍ ထိုဆန္ဒမဲလက်မှတ်တောင်းဆိုသူကို လက်မှတ်ရေးထိုးစေရမည်။ ကန့်ကွက်သူများကိုလည်း လက်မှတ်ရေးထိုးစေရမည်။ စာမရေးတတ်လျှင် လက်ဝဲလက်မလက်ဗွေနှိပ်စေရမည်။ ကြိုတင်ဆန္ဒမဲလက်မှတ် တောင်းဆိုသူက သတ်မှတ်ပုံစံတွင် ဖြည့်စွက်ခြင်း၊ လက်မှတ်ရေးထိုးခြင်းမပြုလျှင် ထိုသူအား ဆန္ဒမဲ ပေးခွင့်မပြုရ။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲပေးခွင့်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ထိုအကြောင်းအရာများနှင့် မိမိ၏ဆုံးဖြတ်ချက်တို့ကို သတ်မှတ်ကန့်ကွက်မဲစာရင်းပုံစံတွင် ရေးမှတ်ထားရမည်။

၄၄။ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ ပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည် -

(က) အချုပ်ခံနေရသူများ၊

(ခ) ဆေးရုံသို့တက်ရောက်နေရသော အတွင်းလူနာများ၊

၄၅။ နည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ(က)နှင့် (ခ) ပါ မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ကြိုတင်မဲပေးမည့်အစီအစဉ်များကို သီးခြားညွှန်ကြားချက်ဖြင့် ထုတ်ပြန်ရမည်။

## အခန်း (၁၄)
## ရွေးကောက်ပွဲကျင်းပခြင်း

၄၆။ ကော်မရှင်သည်-

(က) ရွေးကောက်ပွဲများကို ဖြစ်နိုင်သရွေ့ တစ်နေ့တည်းတွင် တစ်ပြိုင်နက် ကျင်းပရမည်။

(ခ) ရွေးကောက်ပွဲများကို ဖြစ်နိုင်သရွေ့ အများပြည်သူတို့၏ အလုပ်ပိတ်ရက်တွင် ကျင်းပရမည်။

(ဂ) ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကြိုတင်၍ သတ်မှတ်ကြေညာရမည်။

၄၇။ မဲဆန္ဒနယ်တစ်နယ်တွင် သတ်မှတ်နေရာတစ်နေရာအတွက် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းတစ်ဦးတည်းသာရှိလျှင် ရွေးကောက်ပွဲကျင်းပခြင်းမပြုတော့ဘဲ ထိုပုဂ္ဂိုလ်အား ယင်းမဲဆန္ဒနယ်၏သတ်မှတ်နေရာအတွက် ရွေးကောက်တင်မြှောက်ခြင်းခံရသူ ကိုယ်စားလှယ်ဖြစ်ကြောင်း ကော်မရှင်က ကြေညာရမည်။

၄၈။ မဲဆန္ဒနယ်တစ်နယ်တွင် သတ်မှတ်နေရာတစ်နေရာအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းမပြုပါက ကော်မရှင်သည် အဆိုပါသတ်မှတ်နေရာအတွက် ရွေးကောက်ပွဲကျင်းပခြင်းမပြုဘဲ ကျန်သတ်မှတ်နေရာများအတွက် ရွေးကောက်ပွဲကို ဆက်လက်ဆောင်ရွက်နိုင်သည်။

၄၉။ ကိုယ်စားလှယ်လောင်းတစ်ဦးသာရှိသည့် မဲဆန္ဒနယ်တစ်နယ်တွင် ရွေးကောက်ပွဲမကျင်းပမီ ၎င်းကိုယ်စားလှယ်လောင်း ကွယ်လွန်လျှင်ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းသည့်အဆင့်မှစ၍ ပြန်လည်ဆောင်ရွက်ရမည်။

၅၀။ ကော်မတီပုံမှန်သက်တမ်း၏ ထက်ဝက်မကျော်လွန်မီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် တစ်ဦးဦးလစ်လပ်ပါက လစ်လပ်သည့်နေ့မှစ၍ ရက်ပေါင်းတစ်ရာ့ရှစ်ဆယ်အတွင်း မူလမဲစာရင်းကိုအခြေခံ၍ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရမည်။

၅၁။ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် လိုအပ်လာပါက ကော်မရှင်နှင့် သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ပြန်လည်ဖွဲ့စည်းရမည်။

## အခန်း (၁၅)
## ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးကောက်တင်မြှောက်ခြင်းနှင့် ရွေးကောက်ပွဲအနိုင်အရှုံးကြေညာခြင်း

၅၂။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ လွယ်ကူစွာဆန္ဒမဲပေးနိုင်ရေးအတွက် သတ်မှတ်မဲပေးချိန်အတွင်း မဲဆန္ဒရှင်များအားလုံးမဲပေးနိုင်ရေးနှင့် လျှို့ဝှက်ဆန္ဒပြုနိုင်ရေးတို့ကိုရှေးရှု၍ မဲရုံအရေအတွက်၊ မဲရုံတစ်ရုံစီ၌ ဆန္ဒမဲပေးရမည့်ဦးရေနှင့် မဲရုံအဖွဲ့ဝင်များကို လိုအပ်သလို သတ်မှတ်နိုင်သည်။ မဲရုံဆောက်လုပ်ရာတွင် မသန်စွမ်းသူများအတားအဆီးကင်းမဲ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ထားရမည်။

၅၃။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲရုံတစ်ရုံတွင် မြို့တော်စည်ပင်သာယာရေးကော်မတီဝင်ကိုယ်စားလှယ်လောင်းတစ်နေရာနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်းများ တစ်နေရာစီတို့အတွက် မဲပုံးတစ်ပုံးစီ စုစုပေါင်း မဲပုံးလေးပုံး ထားရှိရမည်။

၅၄။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲရုံများကို ကြီးကြပ်ကွပ်ကဲရန် သင့်လျော်သောဝန်ထမ်းများကို မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ကော်မရှင်၏အတည်ပြုချက်ရယူ၍ ဦးစားပေးအစဉ်အတိုင်း ခန့်အပ်နိုင်သည်။ မဲရုံအဖွဲ့ဝင်များအဖြစ် ဝန်ထမ်းများအပြင် ယင်းမဲရုံမဲစာရင်းတွင်

ပါဝင်သည့် အများယုံကြည်လေးစားခြင်းခံရသော ဒေသခံများဖြင့် ကော်မရှင်က သတ်မှတ်သည့်ဦးရေ အတွင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များအား မဲရုံအဖွဲ့ဝင် များနှင့် ပူပေါင်းပါဝင် ကူညီဆောင်ရွက်စေရမည်။

၅၅။ မကျန်းမာသောကြောင့်သော်လည်းကောင်း၊ မလွှဲမရှောင်သာသည့် အကြောင်းကြောင့်သော် လည်းကောင်း မဲရုံမှူးသည် ဆန္ဒမဲပေးသည့်နေ့တွင် တာဝန်မထမ်းဆောင်နိုင်ပါက ဒုတိယမဲရုံမှူးက မဲရုံးမှူးတာဝန်ထမ်း ဆောင်ရမည်။ ဒုတိယမဲရုံမှူးကပါ ပျက်ကွက်မှုရှိခဲ့သော် မဲရုံအဖွဲ့ကို ဖွဲ့စည်းစဉ်က သတ်မှတ်ထားသည့် ဦးစားပေးအစဉ်အတိုင်း ဆင့်ကဲဆင့်ကဲ တာဝန်ထမ်းဆောင်ရမည်။ ထို့အတူ လိုအပ်နေသည့် မဲရုံအဖွဲ့ဝင်နေရာ အစားထိုးခန့်ထားခြင်းကိုလည်း ဤနည်းဥပဒေများ နည်းဥပဒေ ၅၄ ပါ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ချက် အကျဉ်းချုပ်ကို မြို့နယ် ကော်မရှင်အဖွဲ့ခွဲထံသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

၅၆။ ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်၌ ဆန္ဒမဲပေးနိုင်ရန် နံနက် (၆) နာရီမှ ညနေ (၄)နာရီထိ မဲရုံကို ဖွင့်လှစ်ထားရှိရမည်။ သို့ရာတွင် ညနေ (၄)နာရီမတိုင်မီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲ ပေးပြီးပါက မဲရုံကိုပိတ်ရမည်။

၅၇။ မဲရုံမှူးသည် ဆန္ဒမဲပေးရန် သတ်မှတ်ထားသောအချိန်စေ့ရောက်သောအခါ သာမန်အားဖြင့် မဲရုံကိုပိတ်ရမည်ဖြစ်သော်လည်း မဲရုံမပိတ်မီ မဲရုံပရဝုဏ်အတွင်း၌ ဆန္ဒမဲပေးရန်ရောက်ရှိနေသော ဆန္ဒမဲမပေးရသေးသူများရှိပါက စာရင်းကောက်ယူပြီး ထိုသူများအား ဆန္ဒမဲပေးချိန် ကျော်လွန်ပြီးဖြစ် စေကာမူ ဆန္ဒမဲပေးခွင့်ပြုရမည်။

၅၈။ ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများမှအပ ဆန္ဒမဲပေးမည့် သူများသည် မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးရမည်။ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲ ပေးခြင်း မပြုရ။

၅၉။ (က) ရွေးကောက်ပွဲမကျင်းပမီ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသို့ ယင်းတို့နှင့် သက်ဆိုင်သော ဆန္ဒမဲလက်မှတ် များကို သတ်မှတ်ပုံစံနှစ်စောင်ဖြင့် ထုတ်ပေးရမည်။ ယင်းပုံစံများတွင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲနှင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတို့မှ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးများက လက်မှတ်ရေးထိုးပြီး တစ်စောင်ကို မိမိ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ၏ လက်ခံအဖြစ် သိမ်းဆည်း၍ ကျန်တစ်စောင်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ သို့ ပေးအပ်ရမည်။

(ခ) ရွေးကောက်ပွဲမကျင်းပမီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်ရာမဲရုံမှူးများသို့ ယင်းတို့နှင့်သက်ဆိုင်သော ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ပုံစံနှစ်စောင်ဖြင့် ထုတ်ပေးရမည်။ ယင်းပုံစံများတွင် ရပ်ကွက် သို့မဟုတ်

ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် သက်ဆိုင်ရာမဲရုံမှူး တို့က လက်မှတ်ရေးထိုးပြီး တစ်စောင်ကို မိမိရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ လက်ခံအဖြစ်သိမ်းဆည်း၍ ကျန်တစ်စောင်ကို မဲရုံမှူးများသို့ ပေးအပ်ရမည်။

(ဂ ) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးခြင်းမစတင်မီ မဲရုံမှူးသည် မိမိယူလာသော ဆန္ဒမဲလက်မှတ်များကို မဲရုံအဖွဲ့ဝင်များ၏ရှေ့မှောက်တွင် ရေတွက်၍ သတ်မှတ် ပုံစံဖြင့် မှတ်တမ်းတင်ထားရမည်။ ထို့နောက်မဲပုံးအလွတ်များကို မဲရုံ၌ရှိသော မဲရုံ အဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များအပါအဝင် မဲရုံ၌ရှိသူများအားပြသပြီး မဲပုံးအား သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း လုံခြုံစွာပိတ်၍ မဲရုံအတွင်း မဲရုံမှူး မြင်နိုင်သော နေရာ၌ ထားရှိရမည်။

၆၀။ (က) မဲရုံမှူး သို့မဟုတ် ယင်းကတာဝန်ပေးအပ်ထားသော မဲရုံအဖွဲ့ဝင်သည် ဆန္ဒမဲလက်မှတ် ကို ဆန္ဒမဲပေးသူအား ထုတ်မပေးမီ မဲစာရင်းပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ အမည်နှင့် မဲစာရင်းအမှတ်တို့ မှန်ကန်ပါက မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအား လက်မှတ် ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မ လက်ဗွေနှိပ်ခြင်းပြုစေပြီးနောက် ဆန္ဒမဲလက် မှတ်ကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအား ထုတ်ပေးရမည်။

(ခ ) ဆန္ဒမဲလက်မှတ်ကိုရရှိလျှင် ဆန္ဒမဲပေးသူသည် လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော လေးထောင့်အကွက် အတွင်း၌ အမှန် (Â) အမှတ်အသားကို ဘောပင်(Ball Pen)ဖြင့် ဆန္ဒပြုရမည်။ ထို့နောက် မိမိဆန္ဒပြုထားသည်ကို သူတစ်ပါးမမြင်နိုင်စေရန် ဆန္ဒမဲလက်မှတ်ကို ခေါက်၍ သတ်မှတ်ထားသည့်မဲပုံးအတွင်းသို့ထည့်ရမည်။ မဲပုံးထဲသို့ထည့်ရမည့် ဆန္ဒမဲ လက်မှတ်တွင် မဲရုံမှူး၏လက်မှတ်နှင့် ဆန္ဒမဲလက်မှတ်ပါ လေးထောင့်အကွက် အတွင်း၌ မဲဆန္ဒရှင်ဆန္ဒပြုထားသော အမှတ်အသားတို့မှတစ်ပါး အခြားမည်သည့် အမှတ်အသားမျှ မပါဝင်စေရ။

(ဂ ) မဲပေးပြီးသူတိုင်းကို နောက်တစ်ကြိမ်ဆန္ဒမဲပေးနိုင်ခြင်းမရှိစေရန် သတ်မှတ်ညွှန်ကြား ထားသည့်အတိုင်း မင်တို့သည့် စနစ်ကို ကျင့်သုံးရမည်။

၆၁။ (က) ဆန္ဒမဲပေးသူသည် ဆန္ဒမဲလက်မှတ်ရှိအမည်များကို မဖတ်တတ်လျှင်လည်းကောင်း၊ ညွှန်ကြားထားသည့်အတိုင်း ဆန္ဒမဲမပေးတတ်လျှင်လည်းကောင်း၊ သက်ဆိုင်ရာ မဲစာရင်း၌ ပါရှိသော မဲဆန္ဒရှင်၏ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမအရင်း တစ်ဦးဦးသည် ဆန္ဒမဲပေးသူက ညွှန်ကြားသည့်အတိုင်း သတ်မှတ် ထားသည့်နေရာတွင် ဆန္ဒမဲလက်မှတ်၌ လျှို့ဝှက်ဆန္ဒပြုရမည်။ ယင်းပုဂ္ဂိုလ်များ မရှိခဲ့လျှင် မဲရုံမှူးသည် ယင်းပုဂ္ဂိုလ်များကိုယ်စား ဆောင်ရွက်ပေးရမည်။ ထို့နောက် ဆန္ဒမဲပေးသူအား ထိုဆန္ဒမဲလက်မှတ်ကိုခေါက်၍ မဲပုံးထဲသို့ ကိုယ်တိုင်ထည့်စေရမည်။

(ခ) ဆန္ဒမဲပေးသူသည် မသန်စွမ်းသူဖြစ်လျှင် သက်ဆိုင်ရာမဲစာရင်း၌ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမအရင်း တစ်ဦးဦး သို့မဟုတ် မသန်စွမ်းကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်သောသူတစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခြင်းကိုလည်း ခွင့်ပြုရမည်။

၆၂။ မဲရုံသို့လာရောက်ဆန္ဒမဲပေးသူသည် ကျန်းမာသန်စွမ်းခြင်းမရှိသောကြောင့် မိမိဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ကို မဲပုံးထဲသို့ ထည့်နိုင်စွမ်းမရှိလျှင် မဲရုံအဖွဲ့ဝင်များသည် ထိုသူအား ဆန္ဒမဲထည့်နိုင်စေရန် ကူညီရမည်။

၆၃။ (က) ဆန္ဒမဲပေးရန် သတ်မှတ်ထားသောနေ့ရက်၌ သတ်မှတ်ထားသောနေရာတွင် သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လုံခြုံရေးအခြေအနေအရလည်းကောင်း၊ မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်းမပြုနိုင်ပါက မဲရုံမှူးသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်း အကြောင်းကြားရမည်။

(ခ) ဆန္ဒမဲပေးခိုက်တွင် ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်းရခြင်းဖြစ်လျှင် မဲရုံမှူးသည် မဲပုံးကို မိမိချိပ်တံဆိပ်ခတ်နှိပ်၍ ပိတ်ရမည်။ မဲရုံကိုယ်စားလှယ်များ၏ ချိပ်တံဆိပ်ခတ်နှိပ်ခြင်းကိုလည်းခွင့်ပြုရမည်။ ယင်းမဲပုံးကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအနက် လိုက်ပါနိုင်သူတို့နှင့်အတူ သယ်ဆောင်ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ရောက်ရှိသည့်အခါ မဲရုံမှူးသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ဆန္ဒမဲရေတွက်သည့်နေရာတွင် ရောက်ရှိနေသော ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် မဲရုံကိုယ်စားလှယ်များ သို့မဟုတ် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် မဲပုံးကိုဖွင့်၍ ဆန္ဒမဲများကို ရေတွက်ရမည်။ ယင်းသို့ရေတွက်ရရှိသော ဆန္ဒမဲအရေအတွက်ကို-

(၁) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စားလှယ်လောင်းများ အတွက်ဖြစ်လျှင် သတ်မှတ်ပုံစံတွင်ရေးသွင်းပြီး သက်ဆိုင်ရာ ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် မဲရုံကိုယ်စားလှယ်များ သို့မဟုတ် အကူကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်စေရမည်။

(၂) မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်းများအတွက်ဖြစ်လျှင် သတ်မှတ်ပုံစံများတွင်ရေးသွင်းပြီး သက်ဆိုင်ရာကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် မဲရုံကိုယ်စားလှယ်များ သို့မဟုတ် အကူကိုယ်စားလှယ်များက မှန်ကန်ကြောင်းလက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာဖြစ်စေရမည်။

(ဂ) နည်းဥပဒေခွဲ (က)အရ သတ်မှတ်ထားသောနေ့ရက်၊ သတ်မှတ်ထားသောနေရာ၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်းမပြုနိုင်သည့်အခါတွင်ဖြစ်စေ၊ နည်းဥပဒေခွဲ (ခ)အရ ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်းရသည့်အခါတွင်ဖြစ်စေ၊ သက်ဆိုင်ရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲသည် ဆန္ဒမဲပေးခြင်းမပြုနိုင်သည့်အကြောင်းရင်း၊ ရပ်ဆိုင်းရသည့်အကြောင်းရင်း၊ မည်သည့်နေ့ရက်တွင် ဆန္ဒမဲပေးခြင်းကို ကျင်းပပေးသင့်ကြောင်း၊ ယင်းသို့ဆန္ဒမဲ ပေးခြင်းကို ဆက်လက်ပြီးဆန္ဒမဲပေးစေရန် သို့မဟုတ် အသစ်တစ်ဖန် ဆန္ဒမဲပေး စေရန်သင့်ကြောင်းကို ကော်မရှင်သို့အစီရင်ခံရမည်။

(ဃ) ကော်မရှင်သည် အစီရင်ခံစာကို ရရှိသည့်အခါ ဆက်လက်ပြီး ဆန္ဒမဲပေးစေရန် သို့မဟုတ် အသစ်တစ်ဖန်ဆန္ဒမဲပေးစေရန် သို့မဟုတ် ဆန္ဒမဲပေးခြင်းကို ထပ်မံမပြု လုပ်ရန် ညွှန်ကြားနိုင်သည်။

၆၄။ နည်းဥပဒေ ၆၃၊ နည်းဥပဒေခွဲ (ခ)အရ ဆန္ဒမဲပေးခြင်းကိုရပ်ဆိုင်းရာတွင်-

(က) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စားလှယ်လောင်း အသီးသီးရ ရှိသည့် ဆန္ဒမဲအရေအတွက်ကို သတ်မှတ်ပုံစံဖြင့် ရေးသွင်း၍ ကြေညာခြင်းမပြုဘဲ ဆိုင်းငံ့ထားရမည်။

(ခ) မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂) ကိုယ်စား လှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို သတ်မှတ်ပုံစံဖြင့်ရေးသွင်း၍ ကြေညာခြင်းမပြုဘဲ ဆိုင်းငံ့ထားရမည်။

(ဂ) ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်းထားသော မဲရုံအတွက်ရွေးကောက်ပွဲကို ထပ်မံကျင်းပရန် မလိုဟု နည်းဥပဒေ ၆၃ ၊ နည်းဥပဒေခွဲ (ဃ) အရ ကော်မရှင်က ဆုံးဖြတ်ပါက နည်း ဥပဒေခွဲ (က)နှင့် (ခ)တို့အရ သတ်မှတ်ပုံစံများတွင် ရေးသွင်းထားသည့် ဆန္ဒမဲများကို ကြေညာရမည်။

(ဃ) ဆန္ဒမဲပေးခြင်းကိုရပ်ဆိုင်းထားသော မဲရုံအတွက်ရွေးကောက်ပွဲကို ထပ်မံကျင်းပရန် လိုအပ်သည်ဟု နည်းဥပဒေ ၆၃ ၊ နည်းဥပဒေခွဲ (ဃ) အရ ကော်မရှင်က ဆုံးဖြတ် ညွှန်ကြားပါက နည်းဥပဒေခွဲ (က)နှင့် (ခ )တို့အရ သတ်မှတ်ပုံစံများဖြင့် ရေးသွင်း ထားသော ဆန္ဒမဲများကို ကြေညာခြင်းမပြုသေးဘဲ ယင်းမဲရုံမှ ဆန္ဒမဲမပေးရသေးသူ များအတွက် နောက်တစ်ကြိမ်ပြုလုပ်သည့် ရွေးကောက်ပွဲမှ ရရှိသည့်ဆန္ဒမဲများဖြင့် စုစည်းရေတွက်ပြီးမှ ကြေညာရမည်။

၆၅။ (က) ရွေးကောက်ပွဲကျင်းပရာတွင် မဲရုံရှိမဲပုံးကို မတရားသည့်နည်းဖြင့် ယူဆောင်သွားလျှင် သို့မဟုတ် မတော်တဆဖြစ်စေ၊ တမင်ဖြစ်စေ ပြုလုပ်ခြင်းဖြင့် မဲပုံးအတွင်းရှိ ဆန္ဒမဲ လက်မှတ်များ ချွတ်ယွင်းပျက်စီးပျောက်ဆုံးလျှင် မဲရုံမှူးသည် ထိုမဲရုံ၌ ဆန္ဒမဲပေးခြင်း ကို ရပ်ဆိုင်း၍ ထိုမဲရုံ၏ ဆန္ဒမဲပေးခြင်း ပျက်ပြယ်သည်ဟု သတ်မှတ်ရမည်။

(ခ ) နည်းဥပဒေခွဲ(က)အရ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းပျက်ပြယ်လျှင် ကိုယ်စားလှယ်လောင်း အသီးသီး၏ အခြားမဲရုံများမှ ရရှိသော ဆန္ဒမဲများကိုစုစည်းပြီး ကြေညာခြင်းမပြုသေးဘဲ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက မည်သည့်နေ့ရက်အချိန်တွင် မည်သည့်နေရာ၌ ထိုမဲရုံအတွက် ဆန္ဒမဲအသစ်ပေးခြင်းကို ပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာရမည်။

(ဂ ) နည်းဥပဒေခွဲ (ခ)အရ အသစ်ထပ်မံကျင်းပသော ရွေးကောက်ပွဲ၌ အဆိုပါမဲရုံမှရရှိသည့် ဆန္ဒမဲများကို အခြားမဲရုံများမှ ရရှိပြီးသောဆန္ဒမဲများနှင့် စုစည်း၍ ကြေညာရမည်။

(ဃ) နည်းဥပဒေခွဲ (က)အရ ဆန္ဒမဲပေးခြင်းပျက်ပြယ်ခဲ့သော မဲရုံ၌ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲထပ်မံမပြုလုပ်ရန် ကော်မရှင်က ဆုံးဖြတ်ပါက ယင်းမဲရုံ၏ ဆန္ဒမဲများကိုချန်လှပ်၍ အခြားမဲရုံများမှ ရရှိပြီးသော ဆန္ဒမဲများကိုသာ စုစည်း၍ ကြေညာရမည်။

၆၆။ (က) မဲရုံမှူးသည် မဲရုံ၌ ငြိမ်ဝပ်ပိပြားမှုရှိစေရန်လည်းကောင်း၊ ရွေးကောက်ပွဲကိုတရားမျှတစွာ ဖြစ်စေရန်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား မဲရုံအတွင်းသို့ စည်းကမ်းတကျ ဝင်ခွင့်ပေးရန်လည်းကောင်း စီမံဆောင်ရွက်ရမည်။

(ခ ) ဆန္ဒမဲစတင်ပေးသည့်အချိန်မှ ဆန္ဒမဲပေးခြင်း ပြီးဆုံးသည့်အချိန်အတွင်း မဲရုံထဲသို့ အောက်ပါပုဂ္ဂိုလ်များမှတစ်ပါး အခြားမည်သူမျှမဝင်ရ-

(၁ ) မဲရုံအဖွဲ့ဝင်များ၊

(၂ ) ဆန္ဒမဲပေးမည့်သူများ၊

(၃ ) တာဝန်ကျရဲတပ်ဖွဲ့ဝင်များ သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက လုံခြုံရေးတာဝန်ပေးအပ်ခံရသူများ၊

(၄ ) နည်းဥပဒေ ၆၁၊ နည်းဥပဒေခွဲ (က)၊ (ခ ) အရ ခွင့်ပြုထားသူများ၊

(၅ ) ကော်မရှင်နှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲဝင်များ၊

(၆ ) သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များ၊

(၇ ) ကော်မရှင်က ခွင့်ပြုထားသည့် ရွေးကောက်ပွဲလေ့လာသူများ။

၆၇။ တစ်ဦးတစ်ယောက်သောသူသည် မဲရုံတွင် မဖွယ်မရာသောအမှုကိုပြုလျှင် သို့မဟုတ် မဲရုံမှူးက တာဝန်အရ ညွှန်ကြားခြင်းကို မနာခံလျှင် ယင်းသို့ မဖွယ်မရာပြုသူ သို့မဟုတ် နာခံခြင်းမရှိသူအား မဲရုံမှူး၏အမိန့်ဖြင့်လည်းကောင်း၊ တာဝန်ကျ ရဲတပ်ဖွဲ့ဝင် သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ လုံခြုံရေးတာဝန်ပေးအပ်ခံရသူကလည်းကောင်း၊ မဲရုံအဖွဲ့ဝင် တစ်ဦးကလည်းကောင်း မဲရုံမှ ချက်ခြင်းဖယ်ရှားရမည်။

၆၈။ (က) ရွေးကောက်ပွဲတွင် သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခွင့် လာရောက် တောင်းဆိုကြောင်း မဲရုံမှူး သို့မဟုတ် မဲရုံအဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် တာဝန်ကျရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးဦးက သိရှိလျှင် ထိုအယောင်ဆောင်သူအား ဆန္ဒမဲပေးခွင့်မပြုရ။

(ခ) မဲရုံမှူးသည် ယင်းသို့ ဆန္ဒမဲပေးခွင့်မရသူနှင့်ပတ်သက်၍ ထိုသူ၏အမည်၊ နေရပ်တို့ကို ရေးမှတ်ပြီးနောက် ဆန္ဒမဲပေးခွင့်မပြုခြင်းအတွက် အကြောင်းပြချက်များကို အကျဉ်းချုပ်ရေးသားထားပြီး ဤနည်းဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်ရမည်။

(ဂ) မဲစာရင်း၌ အမည် သို့မဟုတ် နေရပ်နှင့်စပ်လျဉ်းသည့် ဖော်ပြချက်တွင် အနည်းငယ်မှားယွင်းခြင်း၊ ချို့ယွင်းခြင်း၊ ချွတ်ချော်ခြင်းရှိသော်လည်း ထိုဖော်ပြချက်နှင့်သက်ဆိုင်သူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမှန်ဖြစ်ကြောင်း တာဝန်ခံ၍ ပြောဆိုနိုင်သူရှိလျှင် မဲစာရင်းတွင်ပါရှိသော မှားယွင်းချက်၊ ချို့ယွင်းချက်၊ ချွတ်ချော်ချက်ကို ပြင်ဆင်ရေးမှတ်၍ ထိုသူကို ဆန္ဒမဲပေးခွင့်ပြုရမည်။ ယင်းသို့ ပြင်ဆင်ခွင့်ပြုသည့်အခါတိုင်း မဲရုံမှူးသည် သတ်မှတ်ပုံစံဖြင့် အကျိုးအကြောင်းအကျဉ်းချုပ်ကို ရေးသားမှတ်တမ်းတင်ထားရမည်။

၆၉။ (က) ဆန္ဒမဲလက်မှတ်ကို တောင်းဆိုသူသည် သူတစ်ပါးအယောင်ဆောင်သော ပြစ်မှုကို ကျူးလွန်သူဖြစ်ကြောင်း ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ မဲရုံမှူးက သင့်လျော်သည်ဟု ထင်မြင်သူကဖြစ်စေ ကန့်ကွက်လာလျှင် မဲရုံမှူးသည် ကန့်ကွက်မဲစာရင်းသတ်မှတ်ပုံစံတွင် လိုအပ်သည်များဖြည့်စွက်၍ ထိုဆန္ဒမဲလက်မှတ်တောင်းဆိုသူကို လက်မှတ်ရေးထိုးစေရမည်။ ကန့်ကွက်သူများကိုလည်း လက်မှတ်ရေးထိုးစေရမည်။ စာမရေးတတ်လျှင် လက်ဝဲလက်မလက်ဗွေနှိပ်စေရမည်။ ဆန္ဒမဲလက်မှတ်တောင်းဆိုသူက သတ်မှတ်ပုံစံတွင်ဖြည့်စွက်ခြင်း၊ လက်မှတ်ရေးထိုးခြင်းမပြုလျှင် ထိုသူအား ဆန္ဒမဲပေးခွင့်မပြုရ။

(ခ) မဲရုံမှူးသည် ဆန္ဒမဲပေးခွင့်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ထိုအကြောင်းအရာများနှင့် မိမိ၏ဆုံးဖြတ်ချက်တို့ကို သတ်မှတ်ကန့်ကွက်မဲစာရင်းပုံစံတွင်ရေးမှတ်ထားရမည်။

၇၀။ (က) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ ဆန္ဒမဲပေးခြင်းပြီးဆုံးလျှင် ပြီးဆုံးခြင်း အသုံးမပြုဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များကို မဲရုံမှူးက မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များရှေ့မှောက်၌ ရေတွက်ပြီးနောက် သတ်မှတ်ပုံစံဖြင့် သုံးစောင်ပြုစုရမည်။ ယင်းပုံစံများတွင် မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များက လက်မှတ်ရေးထိုး၍ ပုံစံတစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်တစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်းပေးပို့ရမည်။ တစ်စောင်ကို မဲရုံမှူး၏လက်ဝယ်တွင် ထိန်းသိမ်းထားရမည်။

(ခ ) မဲရုံမှူးသည် ဆန္ဒမဲရေတွက်ခြင်းကို ကိုယ်တိုင်ဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်ထားသော မဲရုံအဖွဲ့ဝင်ကဖြစ်စေ၊ မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အသိသက်သေများ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များရှေ့မှောက်၌ ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်နှင့် နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဆ) အရ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆက်လက်ရေတွက်ရမည်။ ယင်းသို့ရေတွက်ရာ၌ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဆ) အရ မိမိလက်ခံထားရှိသော ကြိုတင်ဆန္ဒမဲပုံးမှ ကြိုတင်ဆန္ဒမဲများကို ဦးစွာရေတွက်ရမည်။ ယင်းမဲပုံးကိုမဖွင့်မီ မဲရုံကိုယ်စားလှယ်များနှင့် လေ့လာသူများအား ချိပ်ပိတ်ထားသည့် အခြေအနေအတိုင်းရှိကြောင်းပြသရမည်။ ထိုသို့ဆန္ဒမဲလက်မှတ်များ ရေတွက်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။ ဆန္ဒမဲလက်မှတ်များ ရေတွက်ပြီးနောက် ကော်မရှင်က ညွှန်ကြားသည့်အတိုင်း စာရင်းများကိုပြုစုရမည်။

၇၁။ မဲရုံမှူးသည် ဆန္ဒမဲရေတွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဆန္ဒမဲရေတွက်ရာနေရာတွင် ရောက်ရှိနေသည့် နည်းဥပဒေ ၇၀ ပါ သက်သေအနည်းဆုံး ၅ ဦး၏ အမည်စာရင်းကို သတ်မှတ်ပုံစံ၏ ကျောဘက်တွင် ရေးမှတ်ထားရမည်။

(ခ ) ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ်နှင့် မဲပုံးအတွင်းမှရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည် ကိုက်ညီမှုရှိ မရှိကို စစ်ဆေးရမည်။ ကိုက်ညီမှုမရှိပါက မှတ်တမ်းတင်၍ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။ သို့ရာတွင် ဆန္ဒမဲရေတွက်ခြင်းကိုမူ ဆက်လက်ဆောင်ရွက်ရမည်။

(ဂ ) ဆန္ဒမဲလက်မှတ်များကို ရေတွက်ရာတွင် ဆန္ဒမဲလက်မှတ်တစ်စောင်ချင်းစီအား မဲရုံအဖွဲ့ဝင်များ၊ သက်သေများ၊ မဲရုံကိုယ်စားလှယ်များကိုပြသ၍ ရေတွက်ရမည်။ အောက်ပါဆန္ဒမဲလက်မှတ်မျိုးကို ပယ်ရမည်-

(၁ ) ကော်မရှင်ကအတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊

(၂ ) မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊

(၃ ) ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲ လက်မှတ်၊

(၄ ) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(၅ ) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊

(၆ ) ဆန္ဒမဲလက်မှတ်အတုဖြစ်သည်ဟု မဲရုံမှူးကဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊

(၇ ) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၈ ) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်၊

(၉ ) ကော်မရှင်က ပယ်မဲအဖြစ်သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်များ။

(ဃ) ကြိုတင်ဆန္ဒမဲလက်မှတ်ကို ရေတွက်ရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ် တစ်စောင်ချင်း စီအား မဲရုံအဖွဲ့ဝင်များ၊ သက်သေများ၊ မဲရုံကိုယ်စားလှယ်များကိုပြသ၍ ရေတွက်ရမည်။ အောက်ပါကြိုတင်ဆန္ဒမဲလက်မှတ်မျိုးကို ပယ်ရမည်-

(၁ ) ကော်မရှင်ကအတည်ပြုထားသော အမှတ်အသားမပါသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၂ ) ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၃ ) တာဝန်ခံထုတ်ပေးသူ၏ အမည်နှင့်လက်မှတ်မပါသည့် ကြိုတင်ဆန္ဒမဲ လက်မှတ်၊

(၄ ) ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၅ ) ဆန္ဒပြုထားခြင်းမရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၆ ) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၇ ) ကြိုတင်ဆန္ဒမဲလက်မှတ်အတုဖြစ်သည်ဟု ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် မဲရုံမှူးကဆုံးဖြတ်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၈ ) ဆန္ဒမဲပေးသူကိုသိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၉ ) ဆုတ်ဖြဲထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၁၀) ကော်မရှင်ကပယ်မဲအဖြစ်သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်များ။

(င ) မဲပုံးထဲမှထုတ်ယူရရှိသည့် ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်များနှင့် နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဆ)အရ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ရေတွက်ပြီးနောက် အောက်ပါ အတိုင်း စာရင်းရေးသွင်းရမည်-

(၁ ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စားလှယ်လောင်း အသီးသီးအတွက် ရရှိသောဆန္ဒမဲအရေအတွက်ကို ကိုယ်စားလှယ်လောင်း တစ်ဦးစီ၏ အမည်အလိုက် သီးခြားခွဲ၍ သတ်မှတ်ပုံစံဖြင့် ခြောက်စောင် ပြုစုရမည်။

(၂ ) မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်းအသီးသီးအတွက် ရရှိသောဆန္ဒမဲအရေအတွက်ကို ကိုယ်စားလှယ်လောင်းတစ်ဦးစီး၏ အမည်အလိုက်သီးခြားခွဲ၍ သတ်မှတ်ပုံစံဖြင့် ခြောက်စောင်ပြုစုရမည်။

(၃ ) ယင်းပုံစံများတွင် မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အနည်းဆုံးသက်သေ လေးဦးက လက်မှတ်ရေးထိုး၍ ပုံစံတစ်စောင်ကို ကော်မရှင်သို့လည်းကောင်း၊ တစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ လည်းကောင်း၊ နှစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကို မိမိ၏ လက်ဝယ်တွင်ထိန်းသိမ်းထားပြီး ကျန်တစ်စောင်ကို မိမိ၏မဲရုံတွင် ကပ်ထားရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် လက်ခံရရှိသည့် နှစ်စောင်အနက် တစ်စောင်ကို လက်ခံအဖြစ်ထားရှိပြီး တစ်စောင်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားရမည်။

(စ ) မဲရုံမှူးကပယ်သည့် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒမဲရေတွက်ရာတွင် ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ သို့မဟုတ် အကူကိုယ်စားလှယ်များအား ကြည့်ရှုရန် အခွင့်အရေးပေးရမည်။ ပယ်သည့်အကြောင်းကို သတ်မှတ်ထားသည့် ပုံစံများဖြင့် မှတ်တမ်းတင်၍ မဲရုံမှူးက လက်မှတ်ရေးထိုးထားရမည်။

(ဆ) မဲပုံးထဲမှထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်များနှင့် နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဆ) အရ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များအားလုံးကို ရေတွက်ပြီးစီးသည့်အခါ မဲရုံမှူးသည် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီရရှိသည့် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သီးခြားအိတ်များတွင်ထည့်ကာ လုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။ ယင်းမဲရုံမှ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအားလည်း ချိပ်တံဆိပ်ရိုက်နှိပ်ခွင့်ပေးရမည်။ ယင်းအိတ်အသီးသီးပေါ်တွင် ကိုယ်စားလှယ် လောင်း၏ အမည်၊ မဲဆန္ဒနယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ထင်ရှားစွာရေးမှတ်ရမည်။ ပယ်မဲအားလုံးကို အိတ်တစ်အိတ်တွင်ထည့်ကာ လုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။ ယင်းအိတ်အား မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များကိုလည်း ချိပ်တံဆိပ်ရိုက်နှိပ်ခွင့်ပေးရမည်။ ယင်းအိတ်ပေါ်တွင် မဲဆန္ဒနယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အမည်နှင့် မဲရုံအမှတ်တို့ကို ထင်ရှားစွာရေးမှတ်ရမည်။ ထို့နောက် အထက်ဖော်ပြပါ အိတ်များအားလုံးကို အထုပ်တစ်ထုပ်ပြုလုပ်ရမည်။

(ဇ ) မဲရုံပိတ်ချိန်တွင် မဲရုံမှူးသည် အောက်ပါတို့ကို အထုပ်တစ်ထုပ်စီထုပ်ပြီးလျှင် မိမိ၏ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။ အထုပ်ပေါ်တွင် အထုပ်အတွင်းရှိ ပစ္စည်းအမျိုးအမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ရေးသားရမည်။ ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအားလည်း မိမိတို့၏ ချိပ်တံဆိပ်ကို ရိုက်နှိပ်လိုက ရိုက်နှိပ်ခွင့်ပြုပြီး ယင်းအထုပ်များကို အထုပ်ကြီးတစ်ထုပ်ပြုလုပ်ရမည်-

(၁ ) မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် သတ်မှတ်ပုံစံ၊

(၂ ) မဲရုံတွင်အသုံးပြုသော မဲစာရင်း၊

(၃ ) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊

(၄ ) ပယ်မဲပုံစံများ။

(ဈ ) နည်းဥပဒေခွဲ (ဆ) နှင့် (ဇ ) တို့တွင်ဖော်ပြထားသော အထုပ်များကို အိတ်ကြီးတစ်လုံးတွင်ထည့်သွင်းကာ မဲရုံမှူးက ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များအားလည်း ချိပ်တံဆိပ်ရိုက်နှိပ်လိုက ရိုက်နှိပ်ခွင့်ပြုရမည်။ ထို့နောက် ယင်းအိတ်ကြီးကို မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စား

လှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်းသတ်မှတ်ပုံစံ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်းရရှိသော ဆန္ဒမဲစာရင်းသတ်မှတ်ပုံစံတို့နှင့်အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့ရမည်။ ထိုအိတ်ကြီးပေါ်တွင်ပေးပို့သော မဲရုံအမှတ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်တို့ကို ဖော်ပြရမည်။

(ည) မဲရုံမှူးသည် နည်းဥပဒေခွဲ (ဈ ) ပါအိတ်ကြီးကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းပေးပို့ရမည်။ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လုံခြုံရေးအခြေအနေအရလည်းကောင်း ထိုသို့ပေးပို့နိုင်ခြင်းမရှိပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ အပ်နှံရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲသည် မဲရုံမှူးနှင့်အတူ ယင်းဆန္ဒမဲစာရင်းပုံစံများနှင့် အိတ်ကြီးတို့ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆောလျင်စွာ ပေးပို့ရမည်။

၇၂။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည်-

(က) ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီအထိ မိမိလက်ဝယ်ရရှိထားသည့် ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ သက်ဆိုင်ရာကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူများရှေ့မှောက်တွင်ရေတွက်ပြီး ဤနည်းဥပဒေ ၁၂၊ နည်းဥပဒေခွဲ(က) ပါ မဲဆန္ဒနယ်များမှ မြို့တော်စည်ပင်သာယာရေးကော်မတီဝင်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို သတ်မှတ်ပုံစံဖြင့်လည်းကောင်း၊ ဤနည်းဥပဒေ ၁၂၊ နည်းဥပဒေခွဲ (ခ) ပါ မဲဆန္ဒနယ်များမှ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)နှင့် အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေ အတွက်ကို သတ်မှတ်ပုံစံဖြင့်လည်းကောင်း သီးခြားခွဲ၍ ဖြည့်သွင်းရမည်။ ပယ်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့်စပ်လျဉ်း၍ ပယ်သည့်အကြောင်းကို သတ်မှတ်ပုံစံများဖြင့် မှတ်တမ်းတင်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက လက်မှတ်ရေးထိုးထားရမည်။ ယင်းသတ်မှတ်ပုံစံများတွင် သက်ဆိုင်ရာ ကိုယ်စားလှယ် လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်းလက်မှတ်ရေးထိုးရမည်။ ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ်စေလွှတ် ဆောင်ရွက်ရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာဖြစ်စေရမည်။

(ခ) ဤနည်းဥပဒေ ၁၂၊ နည်းဥပဒေခွဲ (က) ပါ မဲဆန္ဒနယ်များမှ မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စားလှယ်လောင်းအသီးသီးအတွက် မဲရုံများမှပေးပို့သည့် သတ်မှတ်ဆန္ဒမဲစာရင်းပုံစံနှင့် မိမိရေတွက်ရရှိသည့် ကြိုတင်ဆန္ဒမဲ လက်မှတ်

များအရ သတ်မှတ်ဆန္ဒမဲစာရင်း ပုံစံတို့ကိုပေါင်းပြီး မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စားလှယ်လောင်းအသီးသီး ရရှိသည့်ဆန္ဒမဲအရေအတွက်ကို ကြေညာထားသည့် မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စားလှယ်လောင်း အစီအစဉ်အတိုင်း သတ်မှတ်ပုံစံဖြင့် အများပြည်သူရှေ့မှောက်တွင် စာရင်းပြုစုရမည်။ ယင်းပုံစံတွင် မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်းလက်မှတ်ရေးထိုးရမည်။ မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ်စေလွှတ်ဆောင်ရွက်ရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာဖြစ်စေရမည်။ ယင်းစာရင်းတစ်စောင်စီကို ကော်မရှင်သို့ပေးပို့၍ တစ်စောင်ကို လက်ခံအဖြစ်သိမ်းဆည်းထားပြီး တစ်စောင်ကို မိမိရုံးတွင် ကပ်ထား ရမည်။

(ဂ) ဤနည်းဥပဒေ၁၂၊ နည်းဥပဒေခွဲ(ခ)ပါ မဲဆန္ဒနယ်များမှ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)နှင့် အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်းအသီးသီး အတွက် မဲရုံများမှပေးပို့သည့် သတ်မှတ်ဆန္ဒမဲစာရင်းပုံစံနှင့် မိမိရေတွက်ရရှိသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအရ သတ်မှတ်ဆန္ဒမဲစာရင်းပုံစံတို့ကိုပေါင်းပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)နှင့် အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ကြေညာထားသည့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)နှင့် အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်း အစီအစဉ်အတိုင်း သတ်မှတ်ပုံစံဖြင့် အများပြည်သူရှေ့မှောက်တွင် စာရင်းပြုစုရမည်။ ယင်းပုံစံတွင် မြို့နယ်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)နှင့် အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ သက်ဆိုင်ရာကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ်စေလွှတ်ဆောင်ရွက်ရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာဖြစ်စေရမည်။ ယင်းစာရင်းတစ်စောင်စီကို ကော်မရှင်သို့ပေးပို့၍ တစ်စောင်ကို လက်ခံအဖြစ်သိမ်းဆည်းထားပြီး တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။

(ဃ) နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်ပုံစံဖြင့် စာရင်းပြုစုရာတွင် ခိုင်လုံသောဆန္ဒမဲ အများဆုံး ရရှိသူများ၏ ဆန္ဒမဲအရေအတွက်ချင်း တူညီနေပါက ထိုဆန္ဒမဲတူညီသူများ အတွက် ရွေးကောက်ပွဲအသစ်ကိုကျင်းပပေးရန် သင့် မသင့် ကော်မရှင်သို့ အမြန်ဆုံး တင်ပြရမည်။

၇၃။ (က) ကော်မရှင်သည် နည်းဥပဒေ ၇၂၊ နည်းဥပဒေခွဲ (ဂ) အရ မြို့နယ်ကော်မရှင် အဖွဲ့ခွဲများကပေးပို့သော နည်းဥပဒေ ၁၂၊ နည်းဥပဒေခွဲ (ခ) ပါ မဲဆန္ဒနယ်များမှ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင် (၁)နှင့် အဖွဲ့ဝင် (၂) ရရှိသည့် သတ်မှတ်ဆန္ဒမဲစာရင်းပုံစံများကိုစုစည်းပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊အဖွဲ့ဝင်(၁)နှင့် အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်းများ သတ်မှတ်ဆန္ဒမဲစာရင်းပုံစံဖြင့် စာရင်းပြုစုရမည်။ ယင်းပုံစံတွင် မြို့နယ်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)နှင့် အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် ကော်မရှင်တို့က မှန်ကန်ကြောင်းလက်မှတ်ရေးထိုးရမည်။ ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ်စေလွှတ် ဆောင်ရွက်ရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာဖြစ်စေရမည်။ ယင်းစာရင်းတစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး တစ်စောင်ကို မိမိရုံးတွင်ကပ်ထားရမည်။

(ခ) ကော်မရှင်သည် နည်းဥပဒေ ၇၂ ပါ သတ်မှတ်ပုံစံအရဖြစ်စေ၊ နည်းဥပဒေခွဲ (ခ)နှင့် နည်းဥပဒေခွဲ (ဂ) ပါ ပုံစံအရဖြစ်စေ မဲဆန္ဒနယ်တစ်နယ်တွင် ခိုင်လုံသောဆန္ဒမဲအများဆုံးရရှိသူများ၏ ဆန္ဒမဲအရေအတွက်ချင်းတူညီနေပါက တစ်ဆယ့်လေးရက်အတွင်း အဆိုပါဆန္ဒမဲအရေအတွက် တူညီနေသောကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲအသစ် ထပ်မံကျင်းပပေးရမည်။

၇၄။ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်တစ်ခုသည် ခိုင်လုံမဲဖြစ်သည်၊ ပယ်မဲဖြစ်သည်ကို အောက်ပါပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဆုံးဖြတ်ရမည်-

(က) မဲရုံတွင်ရေတွက်သော ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြစ်လျှင် မဲရုံမှူး၊

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင်ရေတွက်သော ကြိုတင်ဆန္ဒမဲလက်မှတ်ဖြစ်လျှင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ။

၇၅။ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့်စပ်လျဉ်း၍-

(က) ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီအထိသာ လက်ခံရမည်။

(ခ) နည်းဥပဒေ ၄၅ အရ ကြိုတင်ဆန္ဒမဲလက်မှတ်များပါဝင်သည့် စာအိတ်များကိုပေးပို့လာသောအခါ ယင်းစာအိတ်များပေါ်တွင် လက်ခံရရှိသည့်အမှတ်စဉ်၊ နေ့ရက်နှင့် အချိန်တို့ကို ဖော်ပြ၍ သတ်မှတ်ပုံစံတွင်ရေးသွင်းပြီး ယင်းစာအိတ်တို့ကို ချိပ်ပိတ်ထားသည့် မဲပုံးအတွင်းသို့ ထည့်၍ လုံခြုံစွာသိမ်းဆည်းထားရမည်။

(ဂ) မဲရုံပိတ်ချိန်ကုန်ဆုံးသည်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် စာအိတ်များထည့်ထားသော ချိပ်ပိတ်ထားသည့် မဲပုံးကိုဖွင့်လှစ်၍ ကြိုတင်ဆန္ဒမဲများကို ချက်ချင်းရေတွက်ရမည်။

(ဃ) မဲရုံပိတ်ချိန် ညနေ ၄ နာရီနောက်ပိုင်းမှရရှိလာသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ထည့်သွင်း ရေတွက်ခြင်းမပြုရ။

(င ) နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေခွဲ(ဂ) တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲလေ့လာသူတို့လည်း ကြည့်ရှုနိုင်သည်။

၇၆။ (က) နည်းဥပဒေ ၇၂ အရ သတ်မှတ်ပုံစံဖြင့်ပေးပို့သည့် မြို့တော်စည်ပင်သာယာရေးကော်မတီဝင်နေရာအတွက် ခိုင်လုံသည့်ဆန္ဒမဲအရေအတွက် အများဆုံးရရှိသော ကိုယ်စားလှယ်လောင်းများအား ရွေးကောက်တင်မြှောက်ခြင်းခံရသူ ကိုယ်စားလှယ်များအဖြစ် ကော်မရှင်က ကြေညာရမည်။

(ခ ) နည်းဥပဒေ ၇၂ အရ သတ်မှတ်ပုံစံဖြင့်ပေးပို့သည့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)နှင့် အဖွဲ့ဝင်(၂) နေရာအတွက် ခိုင်လုံသည့်ဆန္ဒမဲအရေအတွက်အများဆုံးရရှိသောကိုယ်စားလှယ်လောင်းများအား ရွေးကောက်တင်မြှောက်ခြင်းခံရသူကိုယ်စားလှယ်များအဖြစ် ကော်မရှင်က ကြေညာရမည်။

(ဂ ) ကော်မရှင်သည် နည်းဥပဒေခွဲ (က) နှင့် နည်းဥပဒေခွဲ (ခ) တို့ဖြင့် ပေးပို့လာသည့် ရွေးကောက်တင်မြှောက်ခြင်းခံရသူကိုယ်စားလှယ်များ၏ အမည်စာရင်းကို အစိုးရအဖွဲ့သို့ပေးပို့ရမည်။ ယင်းကိုယ်စားလှယ်များ၏အမည်စာရင်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၁၆)
## ရွေးကောက်ပွဲကုန်ကျစရိတ်များ

၇၇။ ရွေးကောက်ပွဲကိုယ်စားလှယ်သည် ငွေစာရင်းစာအုပ်များကို စနစ်တကျထားရှိပြီး အောက်ပါတို့ကို မှန်ကန်စွာရေးသွင်းရမည်-

(က) ရွေးကောက်ပွဲအတွက်ကုန်ကျစရိတ်၊

(ခ ) ရွေးကောက်ပွဲကုန်ကျစရိတ်အတွက် မိမိကိုယ်ပိုင်ငွေဖြင့်ဖြစ်စေ၊ ပြည်တွင်းရှိနိုင်ငံသားတစ်ဦးချင်းစီကဖြစ်စေ၊ သက်ဆိုင်ရာပါတီအဖွဲ့အစည်းကဖြစ်စေ၊ ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအစုအဖွဲ့များ (အစိုးရရှယ်ယာ သို့မဟုတ် နိုင်ငံခြားသားရှယ်ယာ ပါဝင်သော ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအစုအဖွဲ့များမှအပ)ကဖြစ်စေ တရားဝင်ရရှိထားသော ငွေကြေးများထဲမှ ထည့်ဝင်လှူဒါန်းသော ငွေများ၊ ပစ္စည်းများနှင့် အခြား ဝန်ဆောင်မှုများ၊

(ဂ ) ရွေးကောက်တင်မြှောက်ခြင်းခံရသူ ကိုယ်စားလှယ်က ပေးရန်ကျန်ရှိသေးသည့် အသုံးစရိတ်ငွေများ။

၇၈။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ၏ ရွေးကောက်ပွဲကုန်ကျစရိတ်အဖြစ် ငွေကျပ်သိန်းနှစ်ရာထက်ပို၍လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်ကိုယ်စားလှယ်လောင်းများသည် မိမိ၏ ရွေးကောက်ပွဲ ကုန်ကျစရိတ်အဖြစ် ငွေကျပ် သိန်းတစ်ရာထက်ပို၍လည်းကောင်း သုံးစွဲခြင်း မပြုရ။

၇၉။ ရွေးကောက်ပွဲတွင် ကော်မတီဝင်ကိုယ်စားလှယ်လောင်း သို့မဟုတ် မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စား လှယ်သည် မိမိ၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကိုကူညီရန် အခကြေးငွေဖြင့် အောက်ပါပုဂ္ဂိုလ် များမှတစ်ပါး မည်သူ့ကိုမျှ မခန့်ထားရ -

(က) ရွေးကောက်ပွဲကိုယ်စားလှယ် တစ်ဦး၊

(ခ) မဲရုံအသီးသီးအတွက် မဲရုံကိုယ်စားလှယ်တစ်ဦးစီ၊ အကူကိုယ်စားလှယ်တစ်ဦးစီ၊ စာရေးတစ်ဦးစီ၊ မဲဆော်ဩသူတစ်ဦးစီ၊ ရုံးအကူတစ်ဦးစီ အပြင် မဲရုံတစ်ရုံ၌ မဲစာရင်းရှိ မဲဆန္ဒရှင်ဦးရေ သုံးရာထက်ပိုလျှင် နောက်ထပ်စာရေးတစ်ဦး၊ မဲဆော်ဩသူတစ်ဦးနှင့် ရုံးအကူတစ်ဦး။

၈၀။ မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စားလှယ်လောင်း သို့မဟုတ် မြို့နယ်စည်ပင် သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ကိုယ်စားလှယ်လောင်းကိုယ်တိုင်လည်းကောင်း၊ ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်ကလည်းကောင်း ရွေးကောက်ပွဲကုန်ကျစရိတ်များကို ပေးချေနိုင်သည်။

၈၁။ မြို့တော်စည်ပင်သာယာရေးကော်မတီဝင်ကိုယ်စားလှယ်လောင်း သို့မဟုတ် မြို့နယ်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များသည် သက်ဆိုင်ရာကော်မတီတွင် ရွေးကောက်တင်မြှောက်ခံရသည့် အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်းသုံးဆယ်အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ် ပုံစံဖြင့်ရေးသွင်း၍ မိတ္တူတစ်စုံကူးယူပြီး မူရင်းနှင့်အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့တင်သွင်းရမည်။ ယင်းစာရင်းများမှန်ကန်ကြောင်း မြို့နယ်တရားသူကြီးအဆင့်ထက်မနိမ့်သော တရားသူကြီးတစ်ဦးဦး ရှေ့မှောက်၌ ပြုလုပ်သော ကျမ်းကျိန်လွှာကိုလည်း ပူးတွဲတင်သွင်းရမည်။

၈၂။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းကို တင်သွင်းလာသည့်အခါ ယင်းကုန်ကျ စရိတ်ငွေစာရင်း တင်သွင်းသည့်နေ့ရက်ကိုလည်းကောင်း၊ သတ်မှတ်ထားသောအချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းခြင်း ပြု မပြုကိုလည်းကောင်း၊ ယင်းစာရင်း၌ မှတ်တမ်းတင် ထားရမည်။

၈၃။ (က) ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းနှင့် ကျမ်းကျိန်လွှာကို ရရှိပြီးနောက် ခုနစ်ရက် အတွင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ ၈၁ အရ တင်သွင်းသော ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း သတ်မှတ်ပုံစံမိတ္တူတစ်စုံစီကို မိမိရုံးတွင် အများ ပြည်သူမြင်သာသည့်နေရာ၌ ကပ်ထားရမည်။

(ခ ) မဲဆန္ဒရှင်မည်သူမဆို ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို မိတ္တူကူးယူလိုပါက စာတစ်မျက်နှာပြည့်သည်ဖြစ်စေ၊ မပြည့်သည်ဖြစ်စေ စာတစ်မျက်နှာလျှင် ငွေကျပ်နှစ်ရာ မြို့တော်ဘဏ်သို့ပေးဆောင်ပြီး ကော်မရှင်ရုံးသို့ လျှောက်ထားရယူခွင့်ရှိသည်။

၈၄။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရန် သတ်မှတ်ထားသော နေ့ရက် ကုန်ဆုံးသည့်နေ့မှစ၍ တစ်ဆယ့်လေးရက်အတွင်း ကော်မရှင်သို့ အောက်ပါအချက်များ ပါဝင်သည့် အစီရင်ခံစာကို တင်သွင်းရမည်-

(က) ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စားလှယ်လောင်းများ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁) နှင့် အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့ခန့်ထားသော ကိုယ်စားလှယ်များ၏ အမည်များ၊

(ခ ) ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းသည့် မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စားလှယ်လောင်းများ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁) နှင့် အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်းများနှင့် မတင်သွင်းသည့် မြို့တော်စည်ပင်သာယာရေးကော်မတီဝင်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁) နှင့် အဖွဲ့ဝင်(၂) ကိုယ်စားလှယ် လောင်းများ၏ အမည်များ၊

(ဂ ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းပါက ယင်းသို့ တင်သွင်းသည့်နေ့ရက်၊ သတ်မှတ်ထားသောအချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းခြင်း ပြု မပြု၊

(ဃ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း မတင်သွင်းပါက နှိုးဆော်စာပေးပို့မှု အခြေအနေ၊

(င ) ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရန်ပျက်ကွက်သည့် မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအား အရည်အချင်းပျက်ယွင်းသူအဖြစ် ကြေညာ သင့်ကြောင်း တင်ပြချက်။

၈၅။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ ၈၄ အရ အစီရင်ခံစာတင်သွင်းပြီးနောက် အောက်ပါအချက်များပါဝင်သည့် ကြော်ငြာစာကို မိမိရုံးရှိ အများပြည်သူမြင်နိုင်သည့်နေရာ၌ ကပ်ထား ရမည်-

(က) ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်ခဲ့သည့် မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စား လှယ်လောင်းများ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့ကခန့်ထားသော ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၏ အမည်များ၊

(ခ ) သတ်မှတ်ရက်အတွင်း ရွေးကောက်ပွဲ ကုန်ကျစရိတ်တင်သွင်းသည့် မြို့တော်စည်ပင် သာယာရေးကော်မတီဝင် ကိုယ်စားလှယ်လောင်းများ သို့မဟုတ် မြို့နယ်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်းများနှင့်

မတင်သွင်းသည့် မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂) ကိုယ်စားလှယ်လောင်းများ၏ အမည်များ၊

(ဂ) ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတင်သွင်းပါက ယင်းသို့တင်သွင်းသည့်နေ့ရက်၊ သတ်မှတ်ထားသောအချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းခြင်း ပြု မပြု၊

(ဃ) ရွေးကောက်ပွဲကုန်ကျစရိတ်ကို သတ်မှတ်ရက်အတွင်း မတင်သွင်းသဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသူ ကိုယ်စားလှယ်အဖြစ်မှ အရည်အချင်းပျက်ယွင်းသူဟု သတ်မှတ်ရန် တင်ပြထားသူများ။

၈၆။ သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင် (၂) ကိုယ်စားလှယ်လောင်းများသည် နည်းဥပဒေ ၈၅ အရ ကြော်ငြာစာ ကပ်သည့်နေ့မှ တစ်ဆယ့်ငါးရက်အတွင်း မိမိအား အရည်အချင်းပျက်ယွင်းသူဟု မသတ်မှတ်သင့်ကြောင်း အကျိုးအကြောင်းဖော်ပြ၍ ကော်မရှင်သို့လျှောက်ထားနိုင်သည်။ ယင်းလျှောက်ထားချက် မိတ္တူတစ်စောင်ကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

၈၇။ ကော်မရှင်သည် -

(က) နည်းဥပဒေ ၈၄ အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ တင်သွင်းသည့်အစီရင်ခံစာအရဖြစ်စေ၊ နည်းဥပဒေ ၈၆ အရ မိမိအား အရည်အချင်းပျက်ယွင်းသူဟု မသတ်မှတ်သင့်ကြောင်း လျှောက်ထားချက်အရဖြစ်စေ စိစစ်၍ ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းရန် ပျက်ကွက်သူများသည် အရည်အချင်းပျက်ယွင်းသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့စည်းစစ်ဆေး၍ ကော်မရှင်သို့ တစ်ဆယ့်ငါးရက်အတွင်း အစီရင်ခံစာ တင်သွင်းစေရမည်။

(ခ) ရွေးကောက်ပွဲခုံအဖွဲ့၏ အစီရင်ခံစာအပေါ်မူတည်၍ အရည်အချင်းပျက်ယွင်းသူများ အဖြစ် သတ်မှတ်ရန် သင့် မသင့် ခုနစ်ရက်အတွင်း ဆုံးဖြတ်ရမည်။

၈၈။ ကော်မရှင်သည် အရည်အချင်းပျက်ယွင်းသည်ဟု ဆုံးဖြတ်ခံရသော မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင် (၂) ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာရမည်။

၈၉။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်၏ ရွေးကောက်ပွဲမှတ်တမ်းအား ကော်မရှင်သို့ ပေးပို့ရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်းများအပါအဝင် ရွေးကောက်ပွဲမှတ်တမ်းများ၊ ကိုယ်စားလှယ်လောင်းများ၏ အမည်နှင့် ရရှိသည့်ဆန္ဒမဲအရေအတွက် ကုန်ကျစရိတ်စာရင်းများနှင့် အခြားစာရွက်စာတမ်းများကို ကော်မရှင်ထံသို့ ပေးပို့ရမည်။

(ဂ) ကော်မရှင်သည် အဆိုပါ စာရွက်စာတမ်းများနှင့် စာရင်းဇယားမိတ္တူများကို ကော်မတီသို့ လွှဲအပ်ရမည်။

## အခန်း (၁၇)
## တရားမဲ့ပြုကျင့်မှုများ

၉၀။ အောက်ပါတို့သည် တရားမဲ့ပြုကျင့်မှုများဖြစ်သည်-

(က) ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ၎င်း၏သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးက ဖြစ်စေ-

(၁) လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်း၊

(၂) ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက်ပြုလုပ်ခြင်း၊

(၃) သူတစ်ပါးအယောင်ဆောင်ခြင်း၊

(၄) မဟုတ်မမှန်ပြောဆိုကြေညာခြင်း၊

(၅) မဟုတ်မမှန် ဝန်ခံလက်မှတ်ရေးထိုးခြင်း၊

(ခ) မဲဆန္ဒနယ်တစ်နယ်အတွင်း ရွေးကောက်ပွဲတွင် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း သို့မဟုတ် ရွေးကောက်ပွဲများကို တစ်ချိန်တည်းကျင်းပစဉ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းဖြင့် မိမိလိုလားသော ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း၊

(ဂ) ကိုယ်စားလှယ်လောင်း သို့မဟုတ် ၎င်း၏ရွေးကောက်ပွဲကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့်သော်လည်းကောင်း၊ သဘောတူညီချက်ဖြင့်သော်လည်းကောင်း-

(၁) ကိုယ်စားလှယ်လောင်းအဖြစ်ပါဝင်ရန် သို့မဟုတ် မပါဝင်ဘဲနေရန် သို့မဟုတ် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကျေးဇူးတုံ့ပြန်ချက်ဖြင့်ဖြစ်စေ တစ်ဦးတစ်ယောက်သောသူက လာဘ်လာဘလက်ခံခြင်း သို့မဟုတ် လာဘ်လာဘလက်ခံရန် သဘောတူခြင်း၊

(၂) ဆန္ဒမဲပေးရန် သို့မဟုတ် ဆန္ဒမဲမပေးဘဲနေရန် မဲဆန္ဒရှင် တစ်ဦးဦးကို သွေးဆောင်ရန်ဖြစ်စေ၊ သွေးဆောင်လိုသဖြင့် အားထုတ်ရန်ဖြစ်စေ တစ်ဦးတစ်ယောက်သောသူက မိမိအတွက် သို့မဟုတ် သူတစ်ပါးအတွက် လာဘ်လာဘလက်ခံရန် သဘောတူခြင်း။

(ဃ) ကိုယ်စားလှယ်လောင်းကသော်လည်းကောင်း၊ ၎င်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကသော်လည်းကောင်း၊ ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့် မညီညွတ်သော အသုံးစရိတ်များကျခံသုံးစွဲခြင်း သို့မဟုတ် ယင်းသို့ကျခံသုံးစွဲရန် သဘောတူညီခြင်း၊

(င) ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ် ငွေစာရင်းများကို ရွေးကောက်ပွဲကိုယ်စားလှယ်က သတ်မှတ်ထားသည့်အတိုင်း ရေးမှတ်ထားရန်ပျက်ကွက်ခြင်း၊

(စ) မမှန်မကန်ပြုလုပ်ထားသော ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ငွေစာရင်းကို တင်ပြခြင်း သို့မဟုတ် ထိုကဲ့သို့ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ်ငွေစာရင်းကို မှန်ကန်သည်ဟုဝန်ခံခြင်း သို့မဟုတ် သတ်မှတ်ထားသည့်အတိုင်း တင်သွင်းရန် ပျက်ကွက်ခြင်း၊

(ဆ) ကိုယ်စားလှယ်လောင်း မဟုတ်သော တစ်ဦးဦးက ၎င်းကိုယ်စားလှယ်လောင်း၏ ခွင့်ပြုချက်မရှိဘဲ ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရစေရန်ဖြစ်စေ၊ ရွေးကောက် တင်မြှောက်ခံရရေးအတွက် အားပေးလိုသောကြောင့်ဖြစ်စေ အစည်းအဝေးကျင်းပ၍သော် လည်းကောင်း စာရွက်စာတမ်းများဝေငှ၍သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော် လည်းကောင်း ငွေအကုန်အကျခံခြင်း သို့မဟုတ် ငွေအကုန် အကျခံရန် ခွင့်ပြုခြင်း၊

(ဇ ) ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည်၊ နေရပ်မပါရှိသော ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ကြော်ငြာ စာရွက်စာတမ်း၊ ပိုစတာစသည်တို့ကို ဖြန့်ချိထုတ်ဝေခြင်းဖြင့် မိမိလိုလားသော ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း၊

(ဈ ) ကိုယ်စားလှယ်လောင်း သို့မဟုတ် ၎င်း၏သဘောတူညီချက်ဖြင့် အခြားသူတစ်ဦး၏ တိုက်တွန်းချက်၊ သဘောတူညီချက်ဖြင့် မဲဆန္ဒရှင်က ဆန္ဒမဲပေးချိန်တွင် မိမိ၏ဆန္ဒမဲလက်မှတ်ကို မဲရုံမှ အခြားသို့ ယူဆောင်သွားခြင်း၊

(ည) ကိုယ်စားလှယ်လောင်းကဖြစ်စေ သို့မဟုတ် ၎င်း၏သဘောတူညီချက်အရ အခြားသူတစ်ဦးကဖြစ်စေ၊ ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် အကူအညီကို ဝန်ထမ်းတစ်ဦးဦးထံမှရယူခြင်း၊ ရယူရန်အားပေးကူညီခြင်း သို့မဟုတ် ရယူရန်အားထုတ်ခြင်း၊

(ဋ ) ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ဘာသာရေးအထိမ်းအမှတ်များကို ရွေးကောက်ပွဲတွင်အသုံးပြုခြင်း သို့မဟုတ် လူမျိုးကိုဖြစ်စေ၊ ကိုးကွယ်ရာဘာသာကိုဖြစ်စေ အကြောင်းပြုမဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလုပ်လှုံ့ဆော်ခြင်း၊

(ဌ ) ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် အဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ အကြမ်းဖက်ခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ ရေးသားခြင်း၊ အများပြည်သူဆူပူမှုဖြစ်အောင် ဖန်တီးခြင်း။

## အခန်း (၁၈)
## ရွေးကောက်တင်မြှောက်ခံရခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာများကို တင်သွင်းခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း

၉၁။ တရားမဲ့ပြုကျင့်မှု တစ်စုံတစ်ရာပေါ်ပေါက်လျှင်ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ်တစ်ဦးကို ၎င်းနှင့်ယှဉ်ပြိုင်ဘက်တစ်ဦးဦးက ကန့်ကွက်လိုလျှင်ဖြစ်စေ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သောရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်းအကြောင်းပြ၍ ကန့်ကွက်လိုလျှင်ဖြစ်စေ ထိုမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ခံရသူ ကိုယ်စားလှယ်၏အမည်ကို ကော်မရှင်က ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ခြောက်ဆယ်အတွင်း ကော်မရှင်သို့ ကိုယ်တိုင်သော်လည်းကောင်း၊ စာဖြင့်အခွင့်အာဏာလွှဲအပ်ထားသော ကိုယ်စားလှယ်ကသော်လည်းကောင်း ကန့်ကွက်လွှာတင်သွင်းနိုင်သည်။

၉၂။ ကန့်ကွက်လွှာတင်သွင်းသူ ကိုယ်စားလှယ်သည် မိမိ၏ကန့်ကွက်လွှာနှင့်အတူ ကုန်ကျမည့် အမှုစရိတ်အတွက် ငွေကျပ်ငါးသိန်းကို ကော်မရှင်က သတ်မှတ်ပေးသည့် ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရမည်။ ကန့်ကွက်လွှာတစ်စောင်၌ ကန့်ကွက်သူတစ်ဦးထက်ပို၍ပါရှိလျှင် ကန့်ကွက်သူ တစ်ဦးချင်းအလိုက် ငွေကျပ် ငါးသိန်းစီ ပေးသွင်းရမည်။ အဆိုပါပေးသွင်းထားသော အမှုစရိတ်များကို မည်သည့်အကြောင်းကြောင့်မျှ ပြန်လည်ထုတ်ယူခွင့်မရှိစေရ။

၉၃။ ဤနည်းဥပဒေများ နည်းဥပဒေ ၉၂၌ သတ်မှတ်ထားသောအမှုစရိတ်အတွက် ငွေပေးသွင်းပြီး ကြောင်း အထောက်အထားကို ကန့်ကွက်လွှာနှင့်တစ်ပါတည်း မတင်သွင်းလျှင် ယင်းကန့်ကွက်လွှာကို အရေးယူခြင်းမပြုရ။

၉၄။ ကော်မရှင်သည် ရွေးကောက်ပွဲကန့်ကွက်လွှာများကိုစစ်ဆေးရန် ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကျန်ကော်မရှင်အဖွဲ့ဝင်နှစ်ဦး သို့မဟုတ် ဥပဒေကျွမ်းကျင်သော သင့်လျော် မည့် နိုင်ငံသားနှစ်ဦးပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းရမည်-

(က) ကော်မရှင်အဖွဲ့ဝင်မဟုတ်သော ရွေးကောက်ပွဲခုံအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေကို ကော်မရှင် က သတ်မှတ်ပေးရမည်၊

(ခ) ရွေးကောက်ပွဲကန့်ကွက်လွှာနှင့်စပ်လျဉ်းသည့် အရေးယူဆောင်ရွက်ရန်ရှိသော ကိစ္စ အားလုံးကို ရွေးကောက်ပွဲခုံအဖွဲ့များက စီမံဆောင်ရွက်ရမည်၊

(ဂ) မဲဆန္ဒနယ်တစ်နယ်တွင်ကျင်းပသော ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲ ကန့်ကွက်လွှာတစ်စောင်ထက် ပိုပြီးတင်သွင်းလျှင် ကော်မရှင်သည် ထိုကန့်ကွက်လွှာ အားလုံးကို ယင်းမဲဆန္ဒနယ်အတွက် ဖွဲ့စည်းထားသော ရွေးကောက်ပွဲခုံအဖွဲ့ တစ်ဖွဲ့တည်းသို့သာ လွှဲအပ်ရမည်။ ထိုခုံအဖွဲ့သည် ကန့်ကွက်လွှာများကို ခွဲ၍ဖြစ်စေ၊ ပေါင်း၍ဖြစ်စေ မိမိတို့သဘောအတိုင်း စုံစမ်းစစ်ဆေးနိုင်သည်၊

(ဃ) ခန့်ထားပြီးသော ရွေးကောက်ပွဲခုံအဖွဲ့ဝင်တစ်ဦးသည် ခုံအဖွဲ့ဝင်အဖြစ်ဖြင့် မဆောင် ရွက်နိုင်ခဲ့သော် သို့မဟုတ် စုံစမ်းစစ်ဆေးနေစဉ်ကိုက်တွင် ဆက်လက်မဆောင်ရွက် နိုင်ခဲ့သော် ကော်မရှင်သည် အဖွဲ့ဝင်သစ်တစ်ဦးကို အစားထိုးခန့်ထားရမည်။ ပြန်လည်ဖွဲ့စည်းသော ထိုခုံအဖွဲ့သည် စုံစမ်းစစ်ဆေးဆဲဖြစ်သော ကန့်ကွက်လွှာကို အသစ်ပြန်လည်စစ်ဆေးလိုက စစ်ဆေးနိုင်သည်။

၉၅။ ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိလျှင် ယင်းအားကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်နိုင်သည်-

(က) ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ်သည် တရားမဲ့ပြုကျင့်မှုများဖြင့် မဲအများဆုံး ရယူခဲ့သည်ဟုလည်းကောင်း၊ ထိုနည်းဖြင့်ပင်သွေးဆောင်၍ ရယူခဲ့ သည်ဟုလည်းကောင်း၊ ရွေးကောက်ပွဲအနိုင်အရှုံးသည် တရားမဲ့ပြုကျင့်မှုများ ကြောင့်သာ ဖြစ်သည်ဟုလည်းကောင်း ပေါ်လွင်ထင်ရှားခြင်း၊

(ခ ) ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ်၏အကျိုးငှာ တရားမဲ့ပြုကျင့်မှု တစ်ခုခုကိုပြုကြောင်း ပေါ်လွင်ထင်ရှားခြင်း၊

(ဂ ) လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားခြင်း၊

(ဃ) လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ ရွေးကောက်မှုဆိုင်ရာအခွင့်အရေးများကို နှောင့်ယှက်ခြင်းတို့ကြောင့် လွတ်လပ်စွာမဲပေးနိုင်ခွင့်ရှိသော ရွေးကောက်ပွဲမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားခြင်း၊ ယင်းသို့ပြုလုပ်မှုများကြောင့် ရွေးကောက်တင်မြှောက်ခံရကြောင်း ပေါ်လွင်ထင်ရှားခြင်း၊

(င ) ဤနည်းဥပဒေများ နည်းဥပဒေ ၂၈၊ ၂၉ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်း မရှိသူဖြစ်ခြင်း။

၉၆။ ရွေးကောက်ပွဲခုံအဖွဲ့သည် ကန့်ကွက်ချက်များကို စစ်ဆေးပြီးသောအခါ ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူကိုဖြစ်စေ၊ ရွေးကောက်ပွဲကန့်ကွက်လွှာတင်၍ မိမိကိုသာ ရွေးကောက်တင်မြှောက်ခံရသူအဖြစ် ကြေညာထိုက်ကြောင်း လျှောက်ထားသူကိုဖြစ်စေ၊ ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူဖြစ်သည် မဖြစ်သည်ကို ကော်မရှင်သို့ အစီရင်ခံရမည်။

၉၇။ ရွေးကောက်ပွဲခုံအဖွဲ့ဝင်အားလုံးသည် မိမိတို့၏ ဆုံးဖြတ်ချက်ပါရှိသော အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ ကော်မရှင်သို့ တစ်ဆယ့်လေးရက်အတွင်း တင်သွင်းရမည်။

၉၈။ ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ်သည် ၎င်း၏ရွေးကောက်ပွဲကိုယ်စားလှယ် မဟုတ်သော အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ ပယောဂကြောင့် တရားမဲ့ပြုကျင့်မှုတစ်ခုခုအတွက် အပြစ်ရှိ သည်ဟု ရွေးကောက်ပွဲခုံအဖွဲ့က အစီရင်ခံရာတွင် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း ထင်မြင်ယူဆပါက ထိုကိုယ်စားလှယ်အား ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ်ဟု ကော်မရှင်က ဆုံးဖြတ်နိုင်သည်-

(က) ကိုယ်စားလှယ်လောင်းနှင့် ၎င်း၏ရွေးကောက်ပွဲကိုယ်စားလှယ်တို့၏ သဘောတူ ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ခဲ့သော တရားမဲ့ပြုကျင့်မှုဖြစ်ခြင်း၊

(ခ ) ကိုယ်စားလှယ်လောင်းနှင့် ၎င်း၏ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် ရွေးကောက် ပွဲ ကျင်းပရာတွင် တရားမဲ့ပြုကျင့်မှုများကိုမပြုစေရန် တတ်အားသရွေ့ တားဆီး ဆောင်ရွက်ခဲ့ခြင်း၊

(ဂ ) တရားမဲ့ပြုကျင့်မှုများသည် ရွေးကောက်ပွဲကို ထိခိုက်ခြင်းမရှိသော သေးနုပ်အရာ မရောက်သည့် ပြုကျင့်မှုဖြစ်ခြင်း။

၉၉။ ခုံအဖွဲ့ဝင်အားလုံးသည် အမှုများကို ဆောလျင်စွာပြီးပြတ်အောင်စစ်ဆေး၍ မိမိတို့၏ ဆုံးဖြတ်ချက်ပါရှိသော အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ ကော်မရှင်သို့ တင်သွင်းရမည်။

ရွေးကောက်ပွဲခုံအဖွဲ့ဝင်များသည် အစီရင်ခံစာတင်ပြရာ၌ဖြစ်စေ၊ ရွေးကောက်ပွဲကန့်ကွက်လွှာနှင့် စပ်လျဉ်းသော အခြားကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရာ၌ဖြစ်စေ၊ သဘောထားကွဲလွဲလျှင် အများစု၏ သဘောထားဆန္ဒအတိုင်း ဆုံးဖြတ်ဆောင်ရွက်ရမည်။ သဘောထားကွဲလွဲသည့်အဖွဲ့ဝင်ရှိလျှင် ၎င်း၏ အကြောင်းပြချက်အကျဉ်းချုပ်ကို ထိုအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြ၍ လက်မှတ်ရေးထိုးခွင့်ရှိသည်။

၁၀၀။ ကော်မရှင်သည် ခုံအဖွဲ့၏အစီရင်ခံစာကို စိစစ်၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၁၀၁။ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူအဖြစ် ပါဝင်ခဲ့သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေမှ တစ်ဆယ့်ငါးရက်အတွင်း ကော်မရှင်သို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ ယင်းကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူကို ရယူရန် ကြာမြင့်သည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။ ပြင်ဆင်မှုလျှောက်ထားရာတွင် ဥပဒေရေးရာ ပြဿနာပေါ်ပေါက်မှသာ လျှောက်ထားခွင့်ရှိသည်။

၁၀၂။ ကန့်ကွက်သူကလည်းကောင်း၊ ကန့်ကွက်ခံရသူကလည်းကောင်း ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကိုမကျေနပ်၍ ကော်မရှင်သို့ အယူခံမှုတင်သွင်းလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အယူခံမှုတင်သွင်းရန်အတွက် ကုန်ကျမည့်အမှုစရိတ်ငွေကျပ် ငါးသိန်းကို ကော်မရှင်က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ်ငွေကျပ် ငါးသိန်း ပေးသွင်းပြီးကြောင်းချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏ အမိန့် မိတ္တူကို ကော်မရှင်ရုံးမှ ထုတ်ယူနိုင်သည်။

(ဂ) အယူခံမှုလျှောက်လွှာကို ငွေပေးသွင်းပြီးကြောင်း ချလန်မူရင်း၊ ခုံအဖွဲ့၏ အမိန့်မိတ္တူတို့နှင့်အတူ ရွေးကောက်ပွဲခုံအဖွဲ့က အမိန့်ချမှတ်သည့်နေ့မှ တစ်ဆယ့်ငါးရက်အတွင်း ကော်မရှင်သို့တင်သွင်းရမည်။ ယင်းကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ အမိန့်မိတ္တူကိုရယူရန် ကြာမြင့်သည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

၁၀၃။ ကော်မရှင် ဥက္ကဋ္ဌ နှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးသည် နည်းဥပဒေ ၁၀၂ အရ တင်သွင်းသည့်အယူခံမှုကို ကြားနာစစ်ဆေးရာတွင် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ တရားမကျင့်ထုံးဥပဒေအရ အယူခံမှုများကို ကြားနာစစ်ဆေးရာတွင် လိုက်နာရသည့် ကျင့်ထုံးနှင့်အညီ ကြားနာစစ်ဆေးရမည်။

၁၀၄။ အထက်နည်းဥပဒေ ၁၀၂အရ လျှောက်ထားရန်သတ်မှတ်ထားသည့်ကာလအတွင်း ကော်မရှင်သို့ လျှောက်ထားမှုမရှိလျှင် ကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့ သို့မဟုတ် ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

၁၀၅။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ရွေးကောက်ပွဲခုံအဖွဲ့က ကြားနာစစ်ဆေးနေစဉ်အတွင်း ခုံအဖွဲ့က ချမှတ်သည့်အမိန့်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်သူကလည်းကောင်း၊ ကန့်ကွက်ခံရသူကလည်းကောင်း၊ ဥပဒေကြောင်းအရမှားယွင်းကြောင်း၊ ယင်းအမိန့်မှာ ဥပဒေရေးရာပြဿနာ ပေါ်ပေါက်ကြောင်း အကြောင်းပြလျက် ကော်မရှင်သို့ ပြင်ဆင်မှုတင်သွင်းလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပြင်ဆင်မှုတင်သွင်းရန်အတွက် ကုန်ကျမည့်အမှုစရိတ်ငွေကျပ်သုံးသိန်းကို ကော်မရှင်က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ်ငွေကျပ်သုံးသိန်း ပေးသွင်းပြီးကြောင်း ချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏ အမိန့် မိတ္တူကို ကော်မရှင်ရုံးမှ ထုတ်ယူနိုင်သည်။

(ဂ) ပြင်ဆင်မှုလျှောက်လွှာကို ငွေပေးသွင်းပြီးကြောင်း ချလန်မူရင်း၊ ခုံအဖွဲ့၏ အမိန့်မိတ္တူတို့နှင့် အတူ ရွေးကောက်ပွဲခုံအဖွဲ့က အမိန့်ချမှတ်သည့်နေ့မှ သုံးရက်အတွင်း ကော်မရှင်သို့ တင်သွင်းရမည်။ ယင်းကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ အမိန့်မိတ္တူကိုရယူရန် ကြာမြင့်သည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

၁၀၆။ ကော်မရှင်သည် နည်းဥပဒေ ၁၀၅အရ တင်သွင်းသည့် ပြင်ဆင်မှုကို ကြားနာစစ်ဆေးရာတွင်-

(က) ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ တရားမပြင်ဆင်မှုများကို စစ်ဆေးရာတွင် လိုက်နာရမည့်ကျင့်ထုံးနှင့်အညီ ကြားနာစစ်ဆေးရမည်။

(ခ) ကော်မရှင်ဥက္ကဋ္ဌ နှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးဖြင့်ဖြစ်စေ သို့မဟုတ် ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင် အဖွဲ့ဝင် (၂)ဦးပါဝင်သည့် ခုံရုံးဖြင့်ဖြစ်စေ ရုံးထိုင်စစ်ဆေးနိုင်သည်။ ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင် အဖွဲ့ဝင် (၂)ဦးပါဝင်သည့် ခုံရုံးဖြင့်စစ်ဆေးပါက မူလခုံအဖွဲ့တွင်ပါဝင်သည့် ကော်မရှင်အဖွဲ့ဝင်များမပါဝင်စေရ။

၁၀၇။ အထက်နည်းဥပဒေ ၁၀၂၊ ၁၀၅ အရ လျှောက်ထားချက်ကို လက်ခံရရှိပါက ကော်မရှင်သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူအားဖြစ်စေ၊ ယင်းတို့၏ ရှေ့နေ သို့မဟုတ် ကိုယ်စားလှယ်အား ဖြစ်စေ လိုအပ်သလိုကြားနာပြီး အောက်ပါဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ခြင်း၊

(ဂ) အထက်နည်းဥပဒေခွဲ (က)နှင့် (ခ)အရ ကော်မရှင်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

၁၀၈။ ကန့်ကွက်သူကဖြစ်စေ၊ ကန့်ကွက်ခံရသူကဖြစ်စေ ခုံအဖွဲ့ကသော်လည်းကောင်း၊ကော်မရှင်ကသော်လည်းကောင်း ချမှတ်သည့်တရားစရိတ်ငွေကို ပေးဆောင်ရန်ပျက်ကွက်ပါက သက်ဆိုင်ရာခုံအဖွဲ့သည် တရားမကျင့်ထုံးဥပဒေတွင်ပြဋ္ဌာန်းထားသည့် ဒီကရီမှုအတည်ပြုခြင်းဆိုင်ရာ ကျင့်ထုံးများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၉)
## ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ

၁၀၉။ အောက်ဖော်ပြပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်လျှင် ရန်ကုန်မြို့တော်စည်ပင် သာယာရေး ဥပဒေအရ အရေးယူခြင်းခံရမည်-

(က) မည်သူမဆို ရွေးကောက်ပွဲများတွင် ပုဂ္ဂိုလ်တစ်ဦး၏ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးခြင်းမပြုနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်လာဘ်ပေးသြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖျားခြင်း၊ လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း။

(ခ) ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို မတရားသဖြင့် ရရှိစေရန်သော်လည်းကောင်း၊ ယင်းအခွင့် အရေးကို ရရှိခဲ့ခြင်းအတွက် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့်သော်လည်းကောင်း၊ ငွေ၊ ပစ္စည်း၊ အစားအသောက်၊ ရာထူး သို့မဟုတ် အလုပ်အကိုင်နေရာပြောင်းရွှေ့မှု သို့မဟုတ် အခြားအခွင့်အရေးတစ်ခုခုကို အသုံးပြုလျက် လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း၊

(ဂ) ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို လွတ်လပ်စွာမကျင့်သုံးနိုင်စေရန် ကိုယ်စားလှယ်လောင်းတစ်ဦးဦးကိုသော်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးကိုသော်လည်းကောင်း ခြိမ်းခြောက်ခြင်း၊

(ဃ) လူမျိုးရေးကိုဖြစ်စေ၊ ဘာသာရေးကိုဖြစ်စေ အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်းပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်း သို့မဟုတ် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်း၊

(င) ဆန္ဒမဲပေးခြင်းပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ၊ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများအသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့်အားထုတ်ကြိုးပမ်းခြင်း၊

(စ) ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထားသောစာရင်း၊ အကြောင်းကြားစာ သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ အခြားစာရွက်စာတမ်းများကို တမင်ကြံရွယ်ချက်ဖြင့်ဖျက်ဆီးခြင်း သို့မဟုတ် ဖတ်ရှု၍မရစေရန်ပြုလုပ်ခြင်း၊

(ဆ) မဲစာရင်းကိုသော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကိုသော်လည်းကောင်း၊ ယင်းတို့ကိုပေးပို့ရာတွင် အသုံးပြုသော စာအိတ် သို့မဟုတ် အထုပ်ကိုသော်လည်းကောင်း၊ တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ယင်းတို့တွင် ရေးသွင်းထားချက်များကို ဖတ်ရှု၍မရစေရန် ပြုလုပ်ခြင်း၊

(ဇ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတစ်ဦးအားပေးခြင်း၊

(ဈ) ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း၊

(ည) အသုံးပြုဆဲဖြစ်သော မဲပုံးကို အခွင့်အာဏာမရှိဘဲ ဖွင့်လှစ်ခြင်း သို့မဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်း၊

(ဋ) ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်း၊

(ဌ) ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော ကော်မတီဝင် သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊

(ဍ) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း၊

(ဎ) ရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံအတွင်းသို့ ဝင်ခွင့်မရှိဘဲ ဝင်ရောက်ခြင်း၊

(ဏ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကိုဖြစ်စေ၊ အများကိုဖြစ်စေ မဲပုံးအတွင်းသို့ထည့်သွင်းခြင်း၊

(တ) မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးအား ဆန္ဒမဲပေးခြင်းမပြုနိုင်စေရန် နှောင့်ယှက်ကြောင်း သို့မဟုတ် နှောင့်ယှက်ရန်အားပေးကူညီခြင်း၊

(ထ) မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှကိုက် ၅၀၀ (ငါးရာ) အကွာအတွင်း၌ဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊

(၁) မဲဆွယ်ခြင်း၊

(၂) မဲဆန္ဒရှင်တစ်ဦးဦးအား ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို ဆန္ဒမဲပေးရန်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲမပေးရန်တိုက်တွန်းသွေးဆောင်ခြင်း၊

(၃) ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးဘဲနေရန်သော်လည်းကောင်း တိုက်တွန်းသွေးဆောင်ခြင်း။

**ရှင်းလင်းချက်** ။ ဤနည်းဥပဒေပါကိစ္စအလို့ငှာ အခြားနေရာများတွင် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့်ကြော်ငြာ၊ စာရွက်စာတမ်းစသည်တို့ ကပ်ထားခြင်းနှင့် ချိတ်ဆွဲထားခြင်းတို့ မပါဝင်။

(ဒ) မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးရန်လာရောက်သူများ စိတ်ပြိုငြင်စေရန် သို့မဟုတ် မဲရုံတွင်တာဝန်ကျသော မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ ဝတ္တရားဆောင်ရွက်ခြင်းကို အနှောင့်အယှက်ဖြစ်စေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှကိုက် ၅၀၀(ငါးရာ)အတွင်း၌ဖြစ်စေ၊ အသံချဲ့စက်အစရှိသော အသံကို ကျယ်အောင်ပြုလုပ်သည့် ကိရိယာတန်ဆာပလာသုံးစွဲခြင်း၊ အော်ဟစ်ခြင်း အစရှိသော စည်းကမ်းမဲ့သည့်အပြုအမူကိုပြုလုပ်ခြင်း၊

(ဓ ) မည်သူမဆို မဲရုံတွင် ဆန္ဒမဲပေးရန်သတ်မှတ်ထားသော အချိန်နာရီအတွင်း မဲရုံ၌ မဖွယ်မရာ သောအမူကိုပြုခြင်း သို့မဟုတ် မဲရုံမှူးက မိမိ၏တာဝန်ဝတ္တရားအရ ပေးသည့်အမိန့်ကို မနာခံခြင်း ကြောင့် မဲရုံမှူး သို့မဟုတ် မဲရုံမှူး၏အခွင့်အာဏာရ မဲရုံအဖွဲ့ဝင်တစ်ဦး၏ အမိန့်အရ တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြားလုံခြုံရေး တာဝန်ရှိသူက မဲရုံမှဖယ်ရှားခံရပြီးနောက် မဲရုံမှူး၏ ခွင့်ပြုချက် မရရှိဘဲ မဲရုံသို့ ပြန်ဝင်လာခြင်း၊

(န ) မည်သူမဆို ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ လိမ်လည်စွပ်စွဲတိုင်တန်းခြင်း။

၁၁၀။ (က) ဤအခန်းပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ခ ) ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူတစ်ဦးဦးကဖြစ်စေ၊ ကော်မတီဝင် သို့မဟုတ် မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကဖြစ်စေ သို့မဟုတ် ယင်း တို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးဦးကဖြစ်စေ မဲဆန္ဒနယ်အတွက် တာဝန်ယူ ဆောင်ရွက်ရသော ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် မဲရုံအဖွဲ့တစ်ခုခုတွင် ပါဝင်သော အဖွဲ့ဝင် တစ်ဦးဦးကဖြစ်စေ သက်သေအထောက်အထားခိုင်လုံစွာဖြင့် ရွေးကောက်ပွဲ မကျင်းပမီသော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပနေစဉ်သော်လည်းကောင်း၊ ရွေးကောက်ပွဲ ကျင်းပသည့်နေ့မှ တစ်ဆယ့်ငါးရက်အတွင်းသော်လည်းကောင်း ဥပဒေနှင့်အညီ သက်ဆိုင်ရာ စည်ပင်သာယာတရားရုံးသို့ တရားစွဲဆိုနိုင်သည်။

(ဂ ) ကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် ပြစ်ဒဏ်များကို အများသိရှိစေရန် ကြေညာရမည်။

## အခန်း (၂၀)
## အထွေထွေ

၁၁၁။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ သက်တမ်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပြီးဆုံးချိန်အထိဖြစ်သည်။

၁၁၂။ ဤနည်းဥပဒေတွင်ပြဋ္ဌာန်းထားသည့် ပြစ်မှုတစ်ခုခုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ဆဲဖြစ်ကြောင်းတွေ့ရှိလျှင် မဲရုံမှူးသည် ထိုသူကိုဖမ်းဆီးရန် တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြားလုံခြုံရေးတာဝန်ရှိသူအား ညွှန်ကြားနိုင်သည်။

၁၁၃။ ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲများတွင် အဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊ ရွေးကောက်ပွဲ တာဝန်များကို ထမ်းဆောင်သောဝန်ထမ်းအဖြစ်သော်လည်းကောင်း ပါဝင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ တာဝန်ကိုထမ်းဆောင်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၁၄။ ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ရွေးကောက်ပွဲခုံအဖွဲ့တို့၏ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ စစ်ဆေးပိုင်ခွင့်မရှိစေရ။

၁၁၅။ တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ဥပဒေနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် စွမ်းဆောင်နိုင်သမျှထမ်းဆောင်သော ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ယင်းတို့၏အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲခုံအဖွဲ့နှင့် ရွေးကောက်ပွဲခုံအဖွဲ့ဝင်များ၊ မဲရုံမှူး အပါအဝင် မဲရုံအဖွဲ့ဝင်များ၏လုပ်ဆောင်ချက်များအတွက် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း မခံထိုက်စေရ။

၁၁၆။ ကော်မတီသည် ဤနည်းဥပဒေများအရ ကျင်းပပြုလုပ်သည့် ရွေးကောက်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်နှင့်အညီ ကော်မတီရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၁၁၇။ ကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာအသုံးစရိတ်များ၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များ၊ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရွေးကောက်ပွဲတာဝန်ထမ်းဆောင်သူများအတွက် သင့်လျော်သော ချီးမြှင့်ငွေများကို ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်မှ ကျခံသုံးစွဲနိုင်သည်။

၁၁၈။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် ရွေးကောက်ပွဲများအောင်မြင်စွာ ကျင်းပပြီးမြောက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများထံမှ လိုအပ်သည့် အကူအညီ များကို ရယူနိုင်သည်။

၁၁၉။ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို စောင့်ကြည့်လေ့လာခွင့်ပြုရန် အဖွဲ့အစည်းများက ကော်မရှင်၏ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လျှောက်ထားနိုင်သည်။

၁၂၀။ ကော်မရှင်သည် မဲဆန္ဒနယ်အသီးသီးရှိ မဲဆန္ဒပေးခွင့်ရှိသူများအား မဲပေးသည့်စနစ်ကို ကောင်းစွာသိရှိနားလည်စေရန်အတွက် လိုအပ်သည်များ စီမံဆောင်ရွက်ရမည်။

၁၂၁။ ကော်မရှင်သည် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် လိုအပ်သောရုံးတံဆိပ်များကို သတ်မှတ်နိုင်သည်။

၁၂၂။ ကော်မရှင်သည် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဤနည်းဥပဒေများအရ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော သတ်မှတ်ပုံစံများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လမ်းညွှန်စာအုပ်နှင့်မဲရုံပုံစံတို့ကို သတ်မှတ်ထုတ်ပြန်ရမည်။ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို သိရှိနားလည်စေရန် သင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးရမည်။

၁၂၃။ ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့်ခုံအဖွဲ့တွင် တာဝန်ထမ်းဆောင်သူများသည် မည်သည့်နိုင်ငံရေးပါတီဝင်မျှ မဖြစ်စေရ။

၁၂၄။ ကော်မတီသည် ခန့်အပ်ကော်မတီဝင်များနှင့် ပတ်သက်သည့်ကိစ္စရပ်များကို သီးခြားညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၂၅။ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၂၆။ ကော်မရှင်သည် ရွေးကောက်ပွဲကျင်းပပြီးစီးမှုအစီရင်ခံစာကို ကျင်းပပြီးသည့်နေ့မှစ၍ ရက်ပေါင်းကိုးဆယ်အတွင်း အစိုးရအဖွဲ့ထံတင်ပြပြီး အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်ကြေညာရမည်။

၁၂၇။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ၊

(ခ) အခန်း(၁၉)ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် ကိုယ်စားလှယ်လောင်း သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိသက်တမ်းနှင့် နောက်လာမည့်သက်တမ်းတစ်ခုအတွက် ကျင်းပသည့်ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ၊

(ဂ) နည်းဥပဒေခွဲ (က)နှင့် နည်းဥပဒေခွဲ (ခ)မှအပ ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း နည်းဥပဒေ ၁၀၄ သို့မဟုတ် နည်းဥပဒေ ၁၀၇၊ နည်းဥပဒေခွဲ (ဂ)အရ ကော်မရှင်ကနိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန်ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသောကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော ကိုယ်စားလှယ်သည်လည်းကောင်း၊ ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိသက်တမ်းနှင့် နောက်လာမည့်သက်တမ်းတစ်ခုအတွက် ကျင်းပသည့်ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

၁၂၈။ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)ဖြင့် ပြဋ္ဌာန်းခဲ့သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေများ၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၄)ဖြင့် ပြဋ္ဌာန်းခဲ့သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေနှင့် ၂၀၁၆ ခုနှစ် မေလ ၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် ပြဋ္ဌာန်းခဲ့သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) မောင်မောင်စိုး၊

ဥက္ကဋ္ဌ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ